# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၄)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း ၆ ရက် ၊ ၂၈–၈–၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပလျက်ရှိသည်။





အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သည် အချုပ်အခြာအာဏာကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အတွက် နယ်နိမိတ်ကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါကြောင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ အတွက် နယ်နိမိတ်ကို စနစ်တကျစီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနယ်နိမိတ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား အသိပညာဖလှယ်ရန်၊ ဌာနအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊ နယ်နိမိတ်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကောင်းမွန်သော နည်းလမ်းများနှင့် အကြံဉာဏ်များ ဖော်ထုတ်နိုင်ရန်နှင့် နယ်နိမိတ်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် တိကျမှန်ကန်ပြီး နိုင်ငံတော်အကျိုးစီးပွားကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

### တက်ရောက်

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ နယ်နိမိတ်ရေးရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်နေကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ အပါအဝင် အခြား ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် အိမ်နီးချင်းနိုင်ငံများ၌ အခြေစိုက်သည့် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ကုန်းပိုင်းနယ်နိမိတ်နှင့် ပတ်သက်၍ အဓိကဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြေတိုင်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကာ မြန်မာသံရုံး၊ ကူဝိတ်မှ သံအမတ်ကြီးနှင့် သံမှူးကြီး၊ မြန်မာသံရုံး၊ ပရီတိုးရီးယားမှ သံအမတ်/ သံရုံးယာယီတာဝန်ခံတို့က ဘာသာရပ်ကျွမ်းကျင်သူများအဖြစ် Online မှ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်နှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ဆွေးနွေးကြမည်ဖြစ်သည့်အပြင် မြန်မာသံရုံး၊စင်ကာပူမှ သံအမတ်/ သံရုံးယာယီတာဝန်ခံက ဘာသာရပ်ကျွမ်းကျင်သူအဖြစ် အွန်လိုင်းမှ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ


ယနေ့ ဖတ်စရာ အညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၂

တိရစ္ဆာန်အသားစာတတ်ပါသော အစားအစာများကို စားသုံးခြင်းက ကင်ဆာကြောင့်ဖြစ်သော သေဆုံးမှုများကိုပင် အကာအကွယ်ပေးနိုင် — စာမျက်နှာ ၇

ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဘရာဇီးလက်ရွေးစင်အသင်း ကစားသမားစာရင်း ထုတ်ပြန် — စာမျက်နှာ ၁၁

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၂၈ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိစေရေး လုပ်ဆောင်ပေးလျက်ရှိ

နိုင်ငံတော်အစိုးရမှ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများကို တောင်သူများထံ အရောက်ဖြန့်ဝေပေးရခြင်း ရည်ရွယ်ချက်မှာ တောင်သူများ ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရန်နှင့် ငွေကြေးအရင်းအနှီး ချက်ချင်းမပေးနိုင်သည့် တောင်သူများမှ သုံးစွဲနိုင်ရန်ဖြစ်ကြောင်း၊ သွင်းအားစုများ သုံးစွဲနိုင်မှ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိမှာဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှာသာ တောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမှာဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စီးပွားရေးအဆင်ပြေမှသာ နိုင်ငံ့စီးပွားရေး အဆင်ပြေတိုးတက်လာမှာဖြစ်တာကြောင့် ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ်၊ အိုးဘိုကျေးရွာ ယာယီရှင်းလင်းဆောင်၌ ကျင်းပသည့် ပဲခူးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျုံးမဝင်သော မိုးစပါးစိုက် တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

တောင်သူများအနေဖြင့် သွင်းအားစု ဓာတ်မြေဩဇာများ သုံးစွဲရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ထားသော သတ်မှတ်ရက်အလိုက် ထည့်သွင်းရမည့် ပမာဏ၊ ထည့်သွင်းနည်းစနစ်များကို စနစ်တကျ မှန်ကန်အောင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သွင်းအားစုများအား မှန်မှန်ကန်ကန် အသုံးပြုနိုင်မှသာ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး သတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိရေး လိုအပ်သည့် မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေး ကောင်းမွန်အောင် စနစ်တကျ ပြုပြင်ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကိုယ်လုပ်မှ ကိုယ်ရမှာဖြစ်၍ လုပ်ဆောင်ရမည့် စိုက်ပျိုးရေး လုပ်ငန်းစဉ်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တောင်သူများအား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ၍ အသိပညာ ပေးပြောကြားနေရန် လိုအပ်ပါကြောင်း၊ သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကြေ ပြန်ဆပ်ရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစား တူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ၊ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသ ကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင် များအသင်း၊ မန္တလေးတိုင်းဒေသ ကြီး ဆီကုန်သည်များနှင့် ဆီ လုပ်ငန်းရှင်များအသင်းတို့ ပူး ပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေး လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ဒေးဝန်း အနောက်ရပ်ကွက်၊ ၄၁လမ်း၊ သင်္ဂဇာမြောင်းဘေးနှင့် ချမ်းမြ သာစည်မြို့နယ်၊ MIIT ကျောင်း ရှေ့၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားတို့တွင် ရောင်းချ ပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၂၈ ရက် တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတွင် လည်းကောင်း၊ ဩဂုတ် ၂၉ ရက် တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရ ပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ သော်ကမ္ဘောရုံတို့တွင် ရောင်းချ ပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေ မှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေး ရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန် ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန် ရှိသူများက အနီးကပ် ကြီးကြပ် ၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## ချမ်းမြသာစည်မြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ




**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ ချမ်းမြသာစည်မြို့ နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက် သော ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီက အမှတ်(၂၈) အခြေခံ ပညာအထက်တန်းကျောင်း စုပါ စိမ်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ သည်။

ရှေးဦးစွာ အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယုက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင် စိမ်းဝင်းက ကျောင်းသား၊ ကျောင်း သူများ အင်တာနက်အွန်လိုင်း အသုံးပြု၍ ဆိုက်ဘာလုံခြုံရေး ဆိုင်ရာများ သတိပြုဆင်ခြင်နိုင် စေရန်ရည်ရွယ်၍ ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင် ရာများကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက အွန်လိုင်းမှ တစ်ဆင့် လောင်းကစားမှု၊ လိမ် လည်မှုများအကြောင်းတို့ကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ဆက်သွယ်ရေးလိမ်လည်မှု တိုက် ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip ကို ပြသခဲ့သည်။ ဟောပြောပွဲအပြီးတွင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များက ကျောင်းသား၊ ကျောင်းသူ များအား အာဟာရဒါန ပေါင်မုန့် များ ပေးဝေခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင် များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဝင်များ၊ အမှတ်(၂၈) အခြေခံ ပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ် ဆရာမကြီး နှင့် ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများ တက်ရောက် ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့(ချမ်း/စည်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်



နေပြည်တော် ဩဂုတ် ၂၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ရာ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ပြုလုပ်သည်။

## တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးစဉ်တွင် လိုက်ပါမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်ဖြစ်၍ အရေးကြီးပါကြောင်း၊ ယခင်ရှိပြီး တရုတ်-မြန်မာ ချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ခရီးစဉ်တွင် လိုက်ပါကြမည့် ကိုယ်စားလှယ်များအနေဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက် ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုခရီးစဉ်တွင် ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လိုက်ပါကြမည်ဖြစ်၍ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အပြင် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ အကအလှနှင့် ရုပ်သေးအက၊ မြန်မာ့လက်မှုပညာများကို မိတ်ဆက်ပြသသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဝတ်စုံပြည့် သရုပ်ပြ ကပြခြင်း၊ ရုပ်သေးအကများ ကပြခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါမည့်ကိုယ်စားလှယ်များက ဖိုရမ်တွင် ဆွေးနွေးပြောကြားမည့် အချက်များ၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များနှင့် ခင်းကျင်းပြသမည့် အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော်အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာလက်မှု အနုပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကူမင်းမြို့တွင် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာတောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများ စစ်ဆေး၊ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိ



ငလိုက်ရေလှောင်တမံ ကန်ရေပြည့်အမှတ်ရောက်ရှိရန် တစ်ပေခွဲခန့် လိုအပ်နေမှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိသေးသည့် အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအား အဆောက်အအုံများအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်းကို အရေးပေါ် အခြေအနေကြိုတင် စီမံခန့်ခွဲမှု စီမံချက် (Emergency Preparedness Plan -EPP)ပါ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး ဆည်တမံဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များ၏ စစ်ဆေးအတည်ပြုချက်များအရ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီးရှိ ရေဆင်း ရေလှောင်တမံသို့ သွားရောက်၍ ဝင်ရေသိုလှောင်ထားရှိမှုနှင့် တမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ရေဆင်းရေလှောင်တမံအနေဖြင့် လက်ရှိအချိန်တွင် ကန်ရေပြည့်နီးပါး သိုလှောင်ထားရှိပြီး ရေဝေရေလဲဧရိယာအတွင်း အဆက်မပြတ် မိုးရွာသွန်းနေသဖြင့် ပုံမှန်ထိန်းသိမ်းမှုအဖြစ် ရေထိန်းမျှော်စင်မှ ရေဆင်းမြောင်း အတွင်းသို့ ရေထုတ်လွှတ် လျှော့ချခြင်းသာရှိပြီး ရေပိုလွှဲမှ ရေကျော်ကျခြင်း မရှိသေးကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးကြရာ တာဝန်ရှိသူများက အထက်ပေါင်းလောင်းတမံ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု၊ ရေဝေရေလဲဒေသအတွင်း မိုးရွာသွန်းမှုနှင့် စီးဝင်ရေပမာဏ၊ နောက်မိုးဆက်လက်ရွာသွန်းနိုင်မှုနှင့် ရေပိုလွှဲမှ စီးထွက်သည့် ရေပမာဏတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိရေသိုလှောင်ထားရှိမှု ပမာဏအရ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို စိုးရိမ်ဖွယ်မရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေး လုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်နှင့် EPP ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယနေ့နံနက်ပိုင်းတိုင်းထွာချက်များအရ ပေါင်းလောင်းရေလှောင်တမံတွင် မိုးရေချိန် ၃ ဒသမ ၅ လက်မခန့်ရွာသွန်းခဲ့ပြီး အထက်ပေါင်းလောင်းတမံနှင့် ရေဝေရေလဲဒေသများမှ စီးဝင်ရေများကြောင့် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ငါးပေခွဲခန့် ရေကျော်ကျလျက်ရှိကာ အဆိုပါ စီးဆင်းရေများသည် ပေါင်းလောင်းမြစ်နှင့် တစ်ဆက်တည်းဖြစ်သော စစ်တောင်းမြစ်အတွင်း စီးဆင်းလျက်ရှိခြင်းကြောင့် ဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ရန် မရှိကြောင်းနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများသည် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ဒေသအတွင်းရှိ လျှိုမြောင်းများမှ စီးဆင်းလာခြင်းဖြစ်ပြီး ယာယီရေကြီးရေလျှံမှုမျှသာဖြစ်သည်။

## ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီးရှိ ငလိုက်ရေလှောင်တမံသို့ ရောက်ရှိပြီး ယခုနှစ် မိုးရာသီတွင် ဆည်တမံများ ရေပြည့်သိုလှောင်နိုင်မှုအရ လာမည့်ဆောင်းသီးနှံနှင့် နွေသီးနှံများစိုက်ပျိုးခြင်းအတွက် ဧရိယာအလိုက် စိုက်ပျိုးမည့်သီးနှံ၊ ရေလိုအပ်ချက်စသည့် ရေပေးဝေမှုလုပ်ငန်းများ စနစ်တကျ စီမံနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့တူ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့ သွားရောက်၍ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တမံအတွင်းသို့ စီးဝင်ရေများပြားစွာ ဝင်ရောက်ခဲ့မှု၊ တမံဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဆင်သေရေလွှဲဆည်သို့သွားရောက်ပြီး ယာယီရေတားတမံ မကျိုးပေါက်စေရေး၊ သဲထုတ်ရေတံခါးများမှ ရေထုတ်လွှတ်မှု၊ ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုလျော့ပါး သက်သာစေရေးအတွက်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွားသောနေရာများ ကွင်းဆင်းထောက်ပံ့





နေပြည်တော် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုးရွာသွန်းမှုများပြား၍ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ မကျီးပင်ကျေးရွာ၌ ရေကြီးရေလျှံဖြစ်ပွားမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့် သောက်သုံးရေသန့်၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ပြီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၊ အနော်ရထာရပ်ကွက်၊ နဝင်းချောင်းတံတားနှင့် ကင်းသာတံတား ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအစီအမံများကို ပိုမိုဂရုပြု ထည့်သွင်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအားလုံးက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေကြသည်ဖြစ်ရာ မိမိတို့နိုင်ငံတွင် အလားတူ လိုက်ပါဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည်နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ကြို့တန်း၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့တွင် ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရွှေတောင်တန်းတောရ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းသို့ပြည်သူများ ရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်နေမှု၊ ကျေးရွာများအတွင်းသို့ မြစ်ရေ ဝင်ရောက်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award-AOSWADA) ပေးအပ်ပွဲသို့ တက်ရောက်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံနိုင်ငံများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော် M-Gallery Hotel ၌ ကျင်းပလျက်ရှိပြီး ယနေ့တွင် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award-AOSWADA) ကို ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါဆုသည် အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍရှိအဖွဲ့အစည်းများကိုပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများက အွန်လိုင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ အဖွဲ့အစည်းများက လူကိုယ်တိုင်ဖြင့် လည်းကောင်း တက်ရောက်ကြသည်။

ဆုပေးပွဲတွင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမှ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့်တတိယကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများကို အာဆီယံနိုင်ငံ ရှစ်နိုင်ငံမှ အဖွဲ့အစည်း ၁၆ ခုအား ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ AGE Myanmar နှင့် Myanmar Creative University-Myanmar Creative International College (MCU-MCI) တို့က ရရှိကြကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

ထိုသို့ ဖြစ်ပေါ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ပင်လောင်းလမ်းဆုံအနီး ကားလမ်းမပေါ်နှင့် ပျဉ်းမနားမြို့နယ်ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့၌ ရေကြီးရေလျှံမှုများနှင့် ရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူများ ဘေးအန္တရာယ်မရှိစေရန်၊ သွားလာမှု အခက်အခဲမရှိစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက ဇေယျာသီရိမြို့နယ် ရန်ကုန် - မန္တလေး လမ်းဟောင်း ပင်လောင်းလမ်းဆုံအနီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထို့ပြင် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက လူနာတင်ယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ စက်လှေများ၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အသင့်စုဖွဲ့ပြင်ဆင်ထားကြောင်း သိရသည်။

သတင်းစဉ်

## လေပွေလှိုင်းအခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ မြန်မာနိုင်ငံ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မုတ်သုံလေဖိအားနည်း မြောင်တန်းအဖြစ် သွယ်တန်းလျက်ရှိသည်။

မိုး/ဇလ

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## ၂၀၂၅ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၇

**၂၀၂၅ ခုနှစ် မိုးနှောင်းကာလသတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်) မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်-

(က) စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၊

( ခ ) စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၊

( ဂ ) စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဃ) အောက်တိုဘာ ၂ ရက်မှ ၇ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဩဂုတ် ၂၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ မိသားစုဝင် မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂိမ်ပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။ ထို့မှတစ်ဆင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**သွားရောက်ဂါရဝပြု**

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြ၍ အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိရာ အထိမ်းအမှတ် ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သိရသည်။

သတင်းစဉ်

■

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ

(ယမန်နေ့မှအဆက်)

**"မယ်ဒလင်" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) အန္တရာယ်ကင်း ဂီတာ ဦးစိမ်းမောင် (ကာလပေါ်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၂။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မင်္ဂလာသီရိ (ဘွဲ့)
(ခ) ပွင့်ဦး (ကာလပေါ်)
(ဂ) နန်းဘုံသီဟာဘွေ (ယိုးဒယား)

၃။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) မေတ္တာဖြန်းမှလန်းဆန်းမယ် (ကာလပေါ်)

**"ဂီတာ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၂။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) စံပယ် (ကာလပေါ်)
(ဂ) သီလာမြေယံ (ကြိုး)

၃။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သာယာသာယာ (ကြိုး)
(ခ) အိုလျှံညီးလင်း (ယိုးဒယား)
(ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

**"ဒုံမင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှလုံးသားကိုအလှဆင်မယ် (ကာလပေါ်)
(ခ) ဘုန်းမိုးရွာစွေသွန်းဖြန်း (ကြိုး)
(ဂ) မြိုင်ကြီးဟေမာ (ယိုးဒယား)

၂။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)
(ခ) အနန္တငါးဖြာ (ကာလပေါ်)
(ဂ) ဝေဇယန်နှင့်နှုန်းပြား (ကြိုး)

၃။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)
(ဂ) မြိုင်ဟေမာ (ယိုးဒယား)

**"ဆိုင်းတစ်ဦးချင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) မြန်မြေနယ်ဇမ္ဗူဘောင် (မြင်းခင်း)
(ဂ) ကုဏ္ဍလာ (ယိုးဒယား)

၂။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) တောဟောဝန်လယ် (ယိုးဒယား)
(ခ) ယမုန်နာ (ပတ်ပျိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

၃။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေဘုန်းရွှေဘုန်း (ကြိုး)
(ခ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

## ညောင်ဦးမြို့နယ်၌ လေထုညစ်ညမ်းမှုလျော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြော

ညောင်ဦး ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါခေတ်မီစံပြကျေးရွာမှ ဒေသခံကျေးလက်နေပြည်သူများကို ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးနိုင်ရန်အတွက် ကျေးရွာဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်များနှင့် စနစ်တကျ အမှိုက်များ စွန့်ပစ်ခြင်း၊ လေထုညစ်ညမ်းမှုလျော့ချရေးဆိုင်ရာ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ စသည့် လုပ်ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန် အသိပညာဗဟုသုတများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင့်တင့်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးအကြောင်း သိကောင်းစရာများနှင့် အစိမ်းရောင်ဖွံ့ဖြိုးရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအိမွန်အောင်က ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ခွေးရူးရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြင်းကပါ ခေတ်မီစံပြကျေးရွာမှ ဒေသခံပြည်သူ ၈၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## မန္တလေးတက္ကသိုလ် ရာပြည့်သဘင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး(တတိယအကြိမ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး(တတိယအကြိမ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတက္ကသိုလ် ရာပြည့်သဘင် ကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အား ရည်ရွယ်ချက်၊ ဦးတည်ချက် အနှစ်သာရပြည့်ဝစွာဖြင့် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တာဝန်ရှိသူအားလုံးအနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် လုပ်ငန်းစဉ် ၂၅ ချက်ဖြင့် အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး စုပေါင်းညီညွတ်မှုအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကိုအချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ လုပ်ငန်းစဉ် ၂၅ ချက်အပေါ် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့်ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြုလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှု စွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၇**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အကဲဖြတ်အမှတ်ပေးဒိုင်များ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ခရိုင်အသင်းများမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခရိုင်အသင်းများမှ ပြိုင်ပွဲဝင်များက အသင်းအလိုက်၊ သုံးယောက်တွဲနှင့် တစ်ဦးချင်းယှဉ်ပြိုင်သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ၂၀၂၅ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ရာ တစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းမှ မမြတ်နိုးဝေအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ညောင်ဦးခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းမှ မဂျူးဝတီမောင်မောင်အား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဟာအောင်မြေအသင်းမှ မဟန်စုနွေအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းအား ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း၊ ဒိုင်လူကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဒိုင်လူကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tom Cruise ၏ လေယာဉ်နှင့် ပစ္စည်းပို့သူဇာတ်ကားမှာ ဖြစ်ရပ်မှန်ဇာတ်ကားဖြစ်



American Made ဇာတ်ကားသည် အမေရိကန်တွင် ၁၉၈၀ မတိုင်မီက လေယာဉ်နှင့် Delivery ပို့ပြီး မီလျံနာဖြစ်သွားသူအကြောင်း ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် လေယာဉ်နှင့် Delivery ပို့ပေးပြီး မီလျံနာဖြစ်လာသူက အမေရိကန်နိုင်ငံအတွင်းကို အမေရိကအလယ်ပိုင်းမှတစ်ဆင့် တရားမဝင် မူးယစ်ဆေးများ မှောင်ခိုတင်သွင်းခဲ့ရာမှ TWA လေကြောင်းလိုင်းက လေယာဉ်မှူးကောင်း တစ်ဦးဖြစ်သူ၏ လေကြောင်းကျွမ်းကျင်မှုကို အသုံးချကာ CIA က တရားမဝင်စေခိုင်းခြင်းခံခဲ့ရသည်။

လေယာဉ်မှူးတစ်ဦးက CIA အပြင် မူးယစ်ဂိုဏ်းလက်နက်မှောင်ခိုလုပ်ငန်းအထိ ပါဝင်ခဲ့ပြီး လူမှောင်ခိုထိ တစ်နိုင်ငံမှ တစ်နိုင်ငံကို လျှို့ဝှက်ပို့ဆောင်ပေးရပုံကို ရိုက်ကူးတင်ပြထားသည်။ (SKY)

## Eddie Murphy ၏ ဟာသကား လူကြိုက်များ



ဟောလိဝုဒ်အနုပညာရှင် အက်ဒီမာဖီ ပါဝင်ထားသည့် ရွှေနှင့်လုပ်ထားသည့် ကားခိုးယူမှုမှာ ဓားပြတိုက်သောဇာတ်ကားများ စာရင်းတွင် အကောင်းဆုံးဖြစ်ခဲ့ပြီး ဝင်ငွေစံချိန်တင်ခဲ့ကာ လူကြိုက်များခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကားတွင် နယူးယောက်မြို့နာမည်ကြီးအဆောက်အအုံတွင် လုပ်ကိုင်နေသည့် အရည်အချင်းရှိ မန်နေဂျာတစ်ဦးက တန်ဖိုးကြီးအဆောက်အအုံများတွင် နေထိုင်သည့် သူဌေးတစ်ဦးကို အက်ဖ်ဘီအိုင်မှ ဖမ်းဆီးခံရသောအခါ မထင်မှတ်သောကိစ္စများ ပေါ်ပေါက်လာခဲ့ရသည်။

ထက်မြက်ပြီး သနားကြင်နာစိတ်ရှိ၍ အလုပ်သမားများက အားကိုးရသော မန်နေဂျာဖြစ်ကာ သူဌေးကြီး၏ ငွေအလွဲသုံးစားလုပ်ထားမှုများ ပေါ်လာ၍ အလုပ်သမားအချို့ ဒုက္ခမျိုးစုံနှင့် ကြုံခဲ့ရသည်ကိုသိပြီး သူဌေးကြီးပိုင် Penthouse ကို ဓားပြတိုက်ရာမှ ရွှေနှင့်လုပ်ထားသောကားအား ခိုးယူကြပုံကို တင်ပြရိုက်ကူးထားခြင်းဖြစ်သည်။ (SKY)

## Choo Sarang က Return of Superman တွင် ပါဝင်၍ (၁၃)နှစ်ပြည့်ပြီဖြစ်

ရသစုံအစီအစဉ် Return of Superman တွင် ဖခင်ဖြစ်သူ အမ်အမ်အေဖိုက်တာ ချူဆောင်ဟွန်းနှင့်အတူ ချူဆာရမ် ပါဝင်ခဲ့ပြီး အသက် (၁၃)နှစ်ပြည့်ပြီဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်တွင် ဆံပင်တိုလေးနှင့် ချစ်စရာကောင်းသော ချူဆာရမ်မှာ ဖခင်နှင့်အတူ ပရိသတ်အချစ်များစွာ ရရှိခဲ့သည်။ မိခင်မှာ ဂျပန်မော်ဒယ်တစ်ဦးဖြစ်၍ ကလေးမော်ဒယ်လ်လောကတွင်လည်း ပါဝင်ခဲ့သည်။

လက်ရှိ အသက်(၁၃)နှစ်ပြည့် မွေးနေ့ကို မိသားစု သုံးဦး ပျော်ရွှင်စွာ ကျင်းပခဲ့ကြပြီး ဂျပန်နှင့် ကိုရီးယားတို့တွင် တစ်လှည့်စီတွင် နေထိုင်ကြသည်။ (SKY)





## 28 Years Later တွင် အော်စကာဆုရှင် Cillian Murphy ပါဝင်ထား

ဒါရိုက်တာ ဒယ်နီဘိုလီ၏ 28 Years Later တွင် အော်စကာဆုရှင် စီလီယမ်မာဖျူ ပါဝင်ထားသော်လည်း အရန်သဘောဖြစ်နိုင်ကြောင်း ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

ယခင်က 28 Days Later နှင့် 28 Weeks Later တို့ကို ရိုက်ကူးထားသော ဒါရိုက်တာ ဒယ်နီဘိုလီနှင့် ဇာတ်ညွှန်း အဲလက်စ်ဂါလန်တို့က ဆက်လက်၍ 28 Years Later ကို ဖန်တီးထားသည်။ ဘတ်ဂျက်ငွေ ကန်ဒေါ်လာ ၇၅ သန်း အသုံးပြုထားပြီး Apple ကုမ္ပဏီထုတ်ကုန် i Phone 15 အမျိုးအစားလက်ကိုင်ဖုန်းအသုံးပြုထား၍ စိတ်ဝင်စားစရာ သတင်းအချို့ ပေါ်ထွက်ခဲ့သည်။

ကပ်ရောဂါကူးစက်နေသည့် ဗြိတိန်နိုင်ငံသည် ၂၈ နှစ်ကြာပြီးနောက် သေခါနီးမိခင်ကို ဆေးကုသရန် အင်္ဂလန်မြောက်ပိုင်းသို့ ဆေးကုထွက်လာသော လူငယ်လေး လမ်းခရီးတွင် ကူးစက်ခံရသူများနှင့် ရင်ဆိုင်ရပုံအကြောင်းဖြစ်သည်ဟု Indie Wire မဂ္ဂဇင်းတွင် ချပြထားသည်။ (SKY)

## တိရစ္ဆာန်အသားဓာတ်ပါသော အစားအစာများကို စားသုံးခြင်းက ကင်ဆာကြောင့်ဖြစ်သော သေဆုံးမှုများကိုပင် အကာအကွယ်ပေးနိုင်

တိရစ္ဆာန်အသားဓာတ်ပါသော အစားအစာများကို စားသုံးခြင်းသည် သေဆုံးနိုင်ခြေမြင့်မားခြင်းနှင့် ဆက်စပ်မှုမရှိသည့်အပြင် ကင်ဆာကြောင့်ဖြစ်သော သေဆုံးမှုများကိုပင် အကာအကွယ်ပေးနိုင်သည်ဟု မကြာသေးမီက ပေါ်ထွက်လာသော သုတေသန ရလဒ်အသစ်များက ဖော်ပြသည်။

ထိုတွေ့ရှိချက်များကို အမေရိကန်အမျိုးသားကျန်းမာရေးနှင့် အာဟာရစစ်တမ်းတွင် ပါဝင်ခဲ့သည့် အသက် ၁၉ နှစ်နှင့်အထက် လူကြီး ၁၆၀၀၀ နီးပါး၏ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ အခြေခံထားသည်။ သုတေသီများသည် ပါဝင်သူများက မည်မျှစားသုံးခဲ့သည်ကို ကြည့်ရှုပြီး ၎င်းတို့၏ စားသုံးမှုပုံစံများကို ကင်ဆာ၊ နှလုံးရောဂါ သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို သေဆုံးနိုင်ခြေနှင့် နှိုင်းယှဉ်ခဲ့သည်။

တိရစ္ဆာန်အသားဓာတ် ပိုမိုစားသုံးသူများတွင် ကင်ဆာနှင့်ဆက်စပ်သော သေဆုံးမှုများ အနည်းငယ်သာလျှင် လျော့နည်းသွားကြောင်း အချက်အလက်များက ထောက်ပြသည်။ သုတေသနကို ကြီးကြပ်ခဲ့သည့် မက်မာစတာ တက္ကသိုလ်မှ ပါမောက္ခ စတူးဝပ်ဖိလစ်က ရှင်းပြကြောင်း သိရသည်။ (SCI)



## Adele ၏ သီချင်းသုံးပုဒ် ဂီတပလက်ဖောင်းတွင် စံချိန်ချိုးခဲ့



ကမ္ဘာကျော် အဆိုတော် အဒဲလ်၏ 21 အယ်လ်ဘမ်ထဲမှ သီချင်းသုံးပုဒ်မှာ စပေါ်တက်ဖီတွင် နှစ်သန်းကျော် ရရှိထားသည့် အမျိုးသမီး အယ်လ်ဘမ်အဖြစ် စံချိန်ချိုးခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဒဲလ်၏ Someone Like You, Rolling in the Deep, Set Fire To The Rain တို့မှာ တစ်ကိုယ်တော်ဂီတနှင့် စံချိန်တင်ခဲ့ပြီး သန်းနှစ်ရာကျော် ရရှိခဲ့သည့် တစ်ကိုယ်တော်ဂီတလေးပုဒ်ကို ပိုင်ဆိုင်ထားသည့် ပထမဆုံး အမျိုးသမီးအနုပညာရှင်ဖြစ်ခဲ့သည်။

အဒဲလ်၏ 21 အယ်လ်ဘမ်သည် တစ်နှစ်တာ ဂီတဆု အပါအဝင် ဂရမ်မီ ခုနစ်ဆု ရရှိထားပြီး ကမ္ဘာတစ်ဝန်း ရောင်းအားအမြင့်ဆုံး အနုပညာရှင်ဖြစ်ခဲ့ကာ လေးပုဒ်မြောက်မှာ Easy on Me ဖြစ်ခဲ့သည်။ (SKY)

## Once Upon A Small Town မင်းသား ပရိသတ်ကြား၌ ရေပန်းစားနေ

ကျေးလက်ရှုခင်းများနှင့် သဘာဝဆန်သည့် ဇာတ်ကောင်စရိုက်များကို ဟာသနှောရိုက်ကူးထားသည့် One Upon A Small Town တွင် ဒေဆောင်းဆုရမင်းသားချောလေး ချူယောင်ဝူး ပါဝင်ထားပြီး ပရိသတ်ကြား၌ ရေပန်းစားနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တိရစ္ဆာန်ဆေးကုဆရာဝန်လေးက အဘိုး၏ ဇာတိမြေ Hee Dong ရွာလေးသို့ ရောက်ရှိ၍ အဘိုးဆေးခန်းကို တာဝန်ယူပေးခဲ့ရာမှ ရဲအရာရှိ စာမေးပွဲဖြေရန် ပြင်ဆင်ရင်း ဇာတိရွာတွင် သာရေးနာရေး ကူညီပေးရန် အသင့်ပြင်နေသည့် ရဲမလေးလေးတို့နှစ်ဦးအကြောင်းကို နောက်ခံထား၍ ရိုက်ကူးထားသည်။

မြို့ပြ၏ မွန်းကြပ်မှုများမှ ဝေးရာ နယ်မြို့ရွာလေးတွင် သဘာဝကျကျနေထိုင်၍ လူနေမှုအခြေပြုကာ ဟာသနှောရိုက်ကူးတင်ပြထားပြီး ချောမောသော မင်းသားချောကြောင့် ပရိသတ်ကြား၌ ရေပန်းစားနေသည်။

(SKY)



# ဉာဏ်ရည်တုနည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကုလသမဂ္ဂလက်အောက် အဖွဲ့အစည်းသစ်တစ်ခု ထူထောင်မည်



**ကုလသမဂ္ဂ ဩဂုတ် ၂၇**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဉာဏ်ရည်တု နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂလက်အောက် အဖွဲ့အစည်းအသစ်တစ်ခု ထူထောင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာသိပ္ပံနည်းကျအဖွဲ့ကို တည်ထောင်ခြင်းနှင့် ဉာဏ်ရည်တု နည်းပညာအပေါ် စီမံထိန်းချုပ်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်သည် အဆိုပါ နည်းပညာနှင့်ဆက်စပ်သည့်အန္တရာယ်များကို ဖြေရှင်းရန်နှင့် ၎င်း၏အကျိုးကျေးဇူးများကို အသုံးချရန်အတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ချမှတ်ခဲ့သည့် ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ သဘောတူညီချက်၏ ကတိကဝတ်ကို လိုက်နာခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ သိပ္ပံနည်းကျအဖွဲ့သည် နောက်ဆုံးပေါ် ဉာဏ်ရည်တု နည်းပညာဆိုင်ရာ သုတေသနနှင့် မူဝါဒချမှတ်ခြင်းစသည့် အရေးကြီးသော လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယခုချမှတ်သည့် ပဏာမခြေလှမ်းကို ထောက်ခံပြီး လူသားအားလုံး၏ ကောင်းကျိုးကို ဆောင်ရွက်ပေးမည့် ဉာဏ်ရည်တု တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ကူညီရန် သက်ဆိုင်သည့် နိုင်ငံအားလုံးကို တောင်းဆိုပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံအလယ်ပိုင်း ရှန်နောင်ကျားတောင်တန်းများတွင် ရွှေရောင်နှာခေါင်းပွမျောက်အကောင်ရေ ပြန်လည်မြင့်တက်လာ



**ပေကျင်း ဩဂုတ် ၂၇**

တရုတ်နိုင်ငံအလယ်ပိုင်းရှိ ရှန်နောင်ကျားတောင်တန်းများတွင် ၁၉၈၀ ပြည့်နှစ်များအထိ လူတို့က မျောက်များကို အမဲလိုက်ကာ အသားနှင့်အမွေးများအတွက် လှည့်လည်သွားလာခဲ့ကြရာမှ ရွှေရောင်နှာခေါင်းပွမျောက်များ အကောင်ရေလျော့ကျသွားသော်လည်း ယခုနောက်ပိုင်းတွင် အကောင်ရေ ပြန်လည်မြင့်တက်လာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆင်းရဲသောတောင်သူလယ်သမားများသည် သစ်ပင်များကို ခုတ်ထွင်ပြီး ကျယ်ပြန့်သော ဧရိယာများအဖြစ် ရှင်းလင်းနေကြဆဲဖြစ်ပြီး ၎င်းတို့၏ ပတ်ဝန်းကျင် ပျက်စီးသွားသည်နှင့်အမျှ ရွှေရောင်နှာခေါင်းပွမျောက်များ ဒေသတွင်းအရေအတွက်သည်လည်း သဘာဝပတ်ဝန်းကျင်တွင် ကောင်ရေ ၅၀၀ အောက်သို့ ကျဆင်းသွားခဲ့သည်။

ဤသည်မှာ ၁၉၉၁ ခုနှစ်တွင် ဘွဲ့ရပြီးခါစဖြစ်သည့် အသက် ၂၀ အရွယ်ရှိ ယန်ကျင်းယွမ် ရောက်ရှိလာစဉ်က အခြေအနေဖြစ်သည်။

"မျောက်တွေရဲ့နေအိမ်ဟာ သစ်ခုတ်မှုကြောင့် ပျက်စီးနေတာဖြစ်လို့ သူတို့ရဲ့အရေအတွက်ဟာ မြန်မြန်ဆန်ဆန်ကို ကျဆင်းနေခဲ့ပါတယ်။ အခုတော့ အဲ့ဒီနေရာကို ကာကွယ်ပေးထားပြီး မျောက်အရေအတွက်တွေဟာ တိုးတက်လာပါတယ်"ဟု ၎င်းက ဆိုသည်။

ယခုအချိန်တွင် ပါမောက္ခ ယန်သည် ရှန်နောင်ကျား အမျိုးသားဥယျာဉ် သိပ္ပံသုတေသနဌာန၏ ဒါရိုက်တာဖြစ်ပြီး ရွှေရောင်ခေါင်းပွမျောက်များ အကြောင်းကို ၎င်းထက် ပိုသိသူမရှိနိုင်ကြောင်း သိရသည်။

**Mon**

# အာရှ၏ တတိယအကြီးဆုံးစီးပွားရေးဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကြီးမားသည့် အခွန်ကင်းလွတ်ခွင့်များ ရရှိမည်ဟု ဝန်ကြီးချုပ် ပြောကြား



**ဒေလီ ဩဂုတ် ၂၇**

အာရှ၏တတိယ အကြီးဆုံး စီးပွားရေးဖြစ်သည့် အိန္ဒိယနိုင်ငံတွင် သာမန်ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဒီဝါလီပွဲတော် လက်ဆောင်အဖြစ် ကြီးမားသည့် အခွန်ကင်းလွတ်ခွင့်များ ရရှိမည်ဟု ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲတော်ကာလအတွင်း ဒေလီမြို့တော်ရှိ ရဲတိုက်နီမှ ပရိသတ်အများအပြားကို လိမ္မော်ရောင်ခေါင်းပေါင်းဖြင့် မိန့်ခွန်းပြောကြားခဲ့ရာတွင် မိုဒီသည် မိမိကိုယ်ကို အားကိုးရပ်တည်ရေးအတွက်လည်း တိုက်တွန်းခဲ့သည်။

ဆိုင်ပိုင်ရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ၎င်းတို့၏ ဆိုင်အပြင်ဘက်တွင် "Swadeshi" သို့မဟုတ် "Made in India" ဆိုင်းဘုတ်များ တပ်ဆင်ရန်လည်း ၎င်းက တိုက်တွန်းပြောကြားသည်။

"ကျွန်တော်တို့တွေဟာ စိတ်ပျက်အားငယ်မှုကြောင့် မဟုတ်ဘဲ ဂုဏ်ယူဝံ့ကြွားစွာနဲ့ မိမိကိုယ်ကို အားကိုးရပ်တည်နိုင်ကြရမည်"ဟု ဆိုခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးဆိုင်ရာ အတ္တဆန်မှုများ မြင့်တက်လာနေပြီး မိမိတို့၏ အခက်အခဲများအတွက် ထိုင်ပြီး ငိုကြွေးနေ၍မရကြောင်း၊ ထိုအရာများအထက်သို့ တက်လှမ်းကြရမည်ဖြစ်ကြောင်း၊ အခြားသူများ၏ ချုပ်ကိုင်မှုအောက်သို့ မရောက်ရှိစေရန်လည်း ပြုလုပ်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဆက်လက်ပြောကြားသည်။

၎င်း၏ ပြောကြားချက်များသည် ဩဂုတ် ၂၇ ရက်မှ စတင်၍ အသက်ဝင်မည့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ ၅၀ ရာခိုင်နှုန်းအခွန်ကောက်ခံမှုနှုန်းကို တန်ပြန်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု များစွာသောသူများက ရှုမြင်ကြကြောင်း သိရသည်။

**Mon**

0-0-0-0-0

# မကြာသေးမီက ရုတ်တရက်ကျဆင်းခဲ့သော ရေနံဈေးနှုန်းများ အမြင့်ဆုံးသို့ ရောက်ရှိပြီးနောက် ယခုပြန်လည်တည်ငြိမ်လာ

**ဝါရှင်တန် ဩဂုတ် ၂၇**

မကြာသေးမီက ရုတ်တရက် ကျဆင်းခဲ့သော ရေနံဈေးနှုန်းများမှာ ဩဂုတ် ၂၇ ရက်တွင် ပြန်လည် တည်ငြိမ်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

နံနက် ၃ နာရီ ၅၄ မိနစ်တွင် ဘရန့်ရေနံစိမ်းဖျူးချားဈေးနှုန်းများ မြင့်တက်လာရာ တစ်စည်လျှင် ၆၇ ဒေါ်လာ ၃၂ ဆင့်ရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် အနောက်တက္ကဆပ်အင်တာမီဒီယိတ်(ဒဗလျူတီအိုင်) ရေနံစိမ်းဖျူးချားများလည်း ၈ ဆင့် မြင့်တက်လာရာမှ ၆၃ ဒေါ်လာ ၃၃ ဆင့်ရှိခဲ့သည်။

အဆိုပါ ရေနံအမျိုးအစားနှစ်ခုစလုံးသည် ယခုသီတင်းပတ်အစပိုင်းတွင် နှစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိပြီးနောက် ဩဂုတ် ၂၆ ရက်တွင် ၂ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်။

ယူကရိန်းအရေးကိစ္စသည် ရေနံစိမ်းအတွက် ဈေးနှုန်းအတက် အကျဖြစ်စေနိုင်သော်လည်း သေးငယ်သော အတိုင်းအတာတစ်ခုအတွင်း၌သာ ဖြစ်နိုင်မည်ဟု ရေနံဈေးကွက်ဆိုင်ရာခွဲခြမ်းစိတ်ဖြာရေး ဝန်ဆောင်မှုပေးသည့် ဗန်ဒါအင်ဆိုက်စ်ကို တည်ထောင်သူ ဗန်ဒါနာဟာရီက သုံးသပ်ကြောင်း သိရသည်။

**Mon**

# ရဲအရာရှိနှစ်ဦးကို ပစ်သတ်ခဲ့သည်ဟု သံသယရှိသူကို ဩစတြေးလျရဲတပ်ဖွဲ့က အပူတပြင်း လိုက်လံရှာဖွေလျက်ရှိ



**ကင်ဘာရာ ဩဂုတ် ၂၇**

ဩစတြေးလျရဲတပ်ဖွဲ့သည် ကျေးလက်မြို့ငယ်တစ်ခုတွင် ရဲအရာရှိနှစ်ဦးကို ပစ်သတ်ခဲ့သည်ဟု သံသယရှိသော လက်နက်ကိုင်အမျိုးသားတစ်ဦးကို လက်ရဖမ်းမိရန် အပူတပြင်း ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

လိင်ပိုင်းဆိုင်ရာပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူ တစ်ဦးအတွက် ဖမ်းဝရမ်းထုတ်ရန် မဲလ်ဘုန်းမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာရှိ ပိုရီပန်ကာမြို့ရှိ နေအိမ်သို့ အင်္ဂါနေ့က ရဲအရာရှိ ၁၀ ဦးသွားရောက်ခဲ့ရာ ပစ်ခတ်ခံခဲ့ရသည်။

၂၄ နာရီနီးပါးအကြာတွင် သံသယရှိသူမှာ ဒေသခံ အမျိုးသားတစ်ဦးဖြစ်သည့် အသက် ၅၆ နှစ်အရွယ်ရှိ ဒီဇီဖရီးမင်းဖြစ်သည်ဟု အမည်တပ် ခဲ့ပြီး ၎င်းမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

ရဲတပ်ဖွဲ့သည် ၎င်းနေရာသို့ အရာရှိများ၊ ရဟတ်ယာဉ်တစ်စီးနှင့် သံချပ်ကာယာဉ်များကို စေလွှတ်ခဲ့ပြီး ဖရီးမင်းကို ဖမ်းမိသည်အထိ နေအိမ်တွင်း၌သာ နေထိုင်ကြရန် ဒေသခံများကို သတိပေးထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်



**မိုင်းတုံ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခြင်းကို ဩဂုတ် ၂၄ရက် နံနက်ပိုင်းက အမှတ်(၆၀၀၃) ဘောလုံးကွင်း၌ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ထင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးနှင့် တာဝန်ရှိသူများ၊ လုံခြုံရေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ ယာဉ်၊ ယန္တရားစုဖွဲ့မှုအဖွဲ့၊ ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့တို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာအဖွဲ့တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၂၇**

ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ခန့်က ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ မိုင်တိုင်အမှတ်(၇၅/၀)နှင့် (၇၅/၁)ကြား၌ မန္တလေးမှ တောင်ကြီးသို့ ယာဉ်မောင်း နိုင်ဝင်းစိုး(၃၃)နှစ် မောင်းနှင်လာသော MDY-16/8J-- IZONE အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်မှုဖြစ်ပွားပြီး အမျိုးသား နှစ်ဦးညှပ်နေကြောင်းသတင်းရရှိသဖြင့် ကလောမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ နံနက် ၉နာရီခွဲတွင် ပြီးစီးခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် MDY-16/8J--- I-ZONE အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်၏ ရှေ့လေကာမှန်ကွဲ ပျက်စီးဆုံးရှုံးခဲ့ပြီး ယာဉ်မောင်းအပါအဝင် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)အား ကယ်ထုတ်နိုင်ခဲ့ကာ ကလောမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်းနိုင်ဝင်းစိုးအား ကလောမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ဩဂုတ် ၂၅ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ရက် နံနက် ၁၀ နာရီ မိနစ်၂၀တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေပြည်တော်ဝင်လမ်းနှင့် ရှမဝလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရှမဝလမ်းအတိုင်း မူကြိုကျောင်းဘက်မှ ဂေါက်ကွင်းဘက်သို့ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်နေ ဦး---(၄၈)နှစ် မောင်းနှင်လာသည့် YGN-17/ 5H--- TOYOTA LANCRUISER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ရွှေပြည်တော်ဝင်လမ်းပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် စီလမ်းဆုံဘက်မှ ကုံကော်ပန်းအဝိုင်းဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ် ---(၅၃)နှစ် မောင်းနှင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ဒေါ် ---(၅၂)နှစ်ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး သုံးဦးလိုက်ပါလာ သည့် YGN-41/9G-- TOYOTA LANCRUISER PRADO မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲဝင်ရောက်တိုက်မိခဲ့ရာ ဒေါ် ---------ပါ ငါးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဦး--- အား ဒက္ခိဏသီရိမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

✱–✱–✱–✱–✱–✱

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**သံဖြူဇရပ် ဩဂုတ် ၂၇**

ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့က မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ရက်တွင် သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သံဖြူဇရပ်မြို့နယ်၊ စက်သစ်ရပ်ကွက်နေ ဇော်မိုးထွန်း(၅၀)နှစ်အားလည်းကောင်း၊ အလားတူ ဩဂုတ် ၂၅ ရက်တွင် ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့နယ်၊ ဖိုးလှကြီးရပ်ကွက်နေ ဇင်မျိုးထွေး(၂၅)နှစ်အားလည်းကောင်း၊ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ အမှတ်(၁)ရပ်ကွက်နေ သန်းထွေးဦး(၅၄)နှစ်အားလည်းကောင်း၊ ပေါင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် ပေါင်မြို့နယ်၊ မိုးနိုင်းရပ်ကွက်နေ သန်းမင်းအောင်(၂၅)နှစ်နှင့် နတ်ကြီးချောင်ကျေးရွာနေ ဇော်မင်း(၃၁)နှစ်အားလည်းကောင်း၊ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်နေ မောင်ငယ်(ခ)သိန်းအောင်(၄၈)နှစ်၊ မြေနီကုန်းကျေးရွာနေသူများဖြစ်သည့် စောလှအေး(၄၄)နှစ်နှင့် စောငြိမ်း(၄၇)နှစ်တို့အားလည်းကောင်း၊ ထို့အတူ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်



ကယ်လက်ဝယ်ထား စီးနင်းသူ မော်လမြိုင်မြို့နယ်၊ ဘိုကုန်းရပ်ကွက်နေ အောင်မိုးဇော်(၃၉)နှစ်အားလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ဇော်မိုးထွန်းပါ ကိုးဦးတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ညနေ ၆နာရီ ၁၅မိနစ်က သတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ၄၂လမ်းတွင် လမ်းလျှောက်လာသူ လောက်ချိုက်(ခ)စွမ်းကျင်အား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လောက်ချိုက်(ခ)စွမ်းကျင်(၅၁)နှစ်အား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မဟာမုနိရွှေထီးတော်ကြီး

ထိန်ထိန်လင်း

(၁၁-၈-၂၀၂၅)ရက် စာမျက်နှာ(၁၇)မှ အဆက်-

**ရွှေထီးတော်ကြီးမှ မြန်မာ့အနုလက်ရာအမွှမ်းပန်းများ**

မဟာမုနိရွှေထီးတော်ကြီးတွင် အမွှမ်းပန်းပုံစံ ခုနစ်မျိုး ကပ်လှူထားကြောင်း ရှေ့တွင်ဖော်ပြပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် 'စိန်မှုခ်'သည် ပလ္လင်တော်များ အထက်ပိုင်းရှိ မှုခ်ဦးတံကဲပုံစံရှိသော အစိတ်အပိုင်းဖြစ်ပါသည်။ အလယ်တွင် ရွှေစင်ရွှေသားအတိဖြင့် ပူဇော်ထုလုပ်ထားသော မဟာမုနိရုပ်ရှင်ပုံစံတော်ဆင်းတုတစ်ဆူ ကိန်းဝပ်တော်မူပါသည်။

'မှန်ကင်း'သည် စိန်မှုခ်၏အထွတ်တွင် တံခွန်အောင်လံသဖွယ် တည်ရှိပါသည်။ ပန်းနွယ်ပန်းခက်များသဏ္ဍာန် ကနုတ်ပန်းများဖြင့် အနုလက်ရာဖော်ကျူးထားပါသည်။ စိန်မှုခ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော်လည်း မှန်ကင်းကို သီးခြားအမွှမ်းလက်ရာတစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ တစ်ချိန်က မြန်မာတို့ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်ကို ရွှေမှန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရပြီဟု သုံးနှုန်းပြောဆိုလေ့ရှိပါသည်။ မှန်ကင်းသည် မြန်မာတို့၏ အထွတ်အမြတ်ထားရာ ယဉ်ကျေးမှုအနုလက်ရာ အမွှမ်းပန်းတစ်ခု ဖြစ်ပါသည်။

'ဗြဟ္မာရုပ်ပုံ'အမွှမ်းပန်းမှာ ရုပ်လျက်အနေအထားဖြင့် လက်အုပ်ချီနေသော ဗြဟ္မာရုပ်ပုံဖြစ်ပါသည်။ (၃၁)ဘုံတွင် ဘုံပေါင်း (၂၀)၌ ဗြဟ္မာတို့ တည်ရှိကြသည်ဟု ကျမ်းဂန်များ၌ ပြဆိုသည်။ ရူပဘုံ(ရုပ်တရားရှိသောဘုံ)၊ အရူပဘုံ(ရုပ်မရှိ၊ နာမ်တရားများသာ တည်ရှိသောဘုံ)ဟူ၍ နှစ်မျိုးနှစ်စားရှိပေသည်။ ဗြဟ္မာတို့သည် မေတ္တာဘာဝနာပွားများလျက်သာနေကြသော မြင့်မြတ်သည့်ပုဂ္ဂိုလ်များဖြစ်ပြီး ကမ္ဘာပေါင်းများစွာ သက်တမ်းရှည်သည့် ဘုံစဉ်စံပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုသို့ မြင့်မြတ်သောဗြဟ္မာတို့သည် ၎င်းတို့ထက် စင်ကြယ်မြင့်မြတ်သော မုနိတကာတို့၏ထွတ်ဖျား မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်အုပ်ချီရှိခိုး ပူဇော်နေဟန် ဖော်ကျူးပြုလုပ်ထားပါသည်။

ရွှေထီးတော်ကြီးတွင် ရွှေဖြင့်ပြုလုပ်ထားသော 'ကြာခိုင်'အား အမွှမ်းပန်းတစ်မျိုးအဖြစ် ထည့်သွင်းထားပါသည်။ ကြာပန်းသည် ကမ္ဘာဦးပန်းဖြစ်ပြီး ကျက်သရေရှိခြင်း၊ ဘုန်းသမ္ဘာကြီးခြင်း၊ အသက်ရှည်ခြင်းတို့၏ အဓိပ္ပာယ်ကို ဆောင်ပါသည်။ ပွင့်တော်မူမည့်ဘုရားရှင်တို့အား ကြာနိမိတ်ဖြင့် ပြသလေ့ရှိကြောင်း မှတ်သားရပါသည်။ မြန်မာတို့၏ ယဉ်ကျေးမှုသင်္ကေတအဖြစ် သာသနိက အဆောက်အအုံတို့တွင် ကြာပန်းသည် ရှေးနှစ်ပေါင်းများစွာကပင် နေရာယူလျက်ရှိပါသည်။ စေတီများတည်ရာတွင် ကြာမှောက်၊ ကြာလှန်၊ ကြာဝင်းဟူသော ကြာပန်းနှင့်ပတ်သက်သည့် အစိတ်အပိုင်းများ ထည့်သွင်းပြုလုပ်လေ့ရှိသည်။ အေးမြသောရေ၌သာ တည်ရှိသဖြင့် အေးမြခြင်းနှင့် ငြိမ်းချမ်းခြင်းသဘောကို ဆောင်ပါသည်။ ကြာရှိသောရေကန်နှင့် ကြာမရှိသောရေကန်တို့တွင် ကြာရှိသောရေကန်က ပို၍တင့်တယ်ကြောင်း ရှေးလူကြီးသူမတို့ဆိုလေ့ရှိသည်။ ကြာသည် အညစ်အကြေးကင်းခြင်း၊ နွံမတင်ခြင်း စသော သန့်စင်သည့်သဘောရှိ၍ မြန်မာတို့၏ဂုဏ်ယူဖွယ်ရာ ပန်းတစ်မျိုးဖြစ်သလို မြန်မာ့စိတ်ရင်းသဘောကို ပြဆိုသော ပန်းလည်းဖြစ်သည်။ ရှေးက ဆုထူးဆုမြတ်ပန်ဆင်ရာတွင် သုမေဓာရှင်ရသေ့နှင့် သုမိတ္တာအမျိုးသမီးတို့ကဲ့သို့ ကြာပန်းဖြင့် ဆုထူးဆုမြတ်ပန်ဆင်လေ့ရှိကြောင်း မှတ်သားရပါသည်။ ယခုခေတ်တွင် ပဒုမ္မာကြာပန်းကဲ့သို့ ထာဝရလန်းဆန်းပါစေဟု ဆုတောင်းမေတ္တာပို့သလေ့ရှိသည်။ ဤသို့ ကောင်းမြတ်သော အနက်အဓိပ္ပာယ်ကိုဆောင်သည့် ကြာပန်းခိုင်များကို ရွှေသားပကတိဖြင့် ပြုလုပ်ကာ အမွှမ်းပန်းအဖြစ် တပ်ဆင်ပူဇော်ထားခြင်းဖြစ်ပါသည်။ ရွှေထီးတော်ကြီးတွင် စုစုပေါင်း ကြာခိုင် (၅၆)ခု တပ်ဆင်ထားပါသည်။

ကြာခိုင်



ရွှေထီးတော်ကြီး၏ ပထမဘုံအဆင့်တွင် အမွှမ်းပန်းတစ်မျိုးဖြစ်သော 'မောင်းဖလား' (၁၆)ခု တပ်ဆင်ပူဇော်ထားပါသည်။ 'မောင်း'၏သင်္ကေတအဓိပ္ပာယ်မှာ အောင်စည်အောင်မောင်းတီးခတ်အောင်မြင်ခြင်း၊ ကုသိုလ်ကောင်းမှုအစုစုတို့အား (၃၁)ဘုံတို့ရှိ ဝေနေယျသတ္တဝါတို့ သိ,ကြား စေလိုသောစေတနာဖြင့် နှိုးဆော်ခြင်း၊ ကြွေးကြော်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကောင်းမှုများဆောင်ရွက်နေကြောင်း အသိပေးခြင်း စသည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အမှတ်အသားဖြစ်ပါသည်။ 'ဖလား'၏အဓိပ္ပာယ်မှာ ပေး၍မကုန်၊ လှူ၍မခန်း လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ပြည့်လျှံခြင်းဟူသော အဓိပ္ပာယ်များကို ဆောင်ပါသည်။ ကြာဖက်များဖြင့် ပုံဖော်ထားသော ဖလား၏အလယ်ဗဟိုတွင် မောင်းဘုသဏ္ဍာန်ဖော်ကျူး၍ မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းသော ကြာဝတ်ဆံ ရှစ်ချောင်းကို အရပ်



မောင်းဖလား

လေးမျက်နှာတွင် ထည့်သွင်းထားပါသည်။ တစ်ဆယ့်တစ်ပါးသော မီးတို့မှ ကင်းဝေးစေလိုသောဆုနှင့် ပြည်စုံကြစေရန် ပွင့်ဖတ် (၁၁) ဖတ်ပါ၍ သစ္စာလေးပါးကို ရည်ညွှန်းသော ကြာဖူးငုံလေးပွင့်ကို ထောင့်လေးထောင့်တွင် အလှဆင်ထားပါသည်။ ထို့အပြင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော် ကိုးပါးကို ရည်စူး၍ ချရားသီး ကိုးလုံးစီ ပါဝင်သော လှပ၍ အချိုးကျသည့် အနားသတ်ပေါင်ဖြင့် မောင်းဖလား ညီညာစွာ အနားသတ်ထားပါသည်။

ရွှေထီးတော်ကြီး၏ ပထမဘုံအဆင့်မှ ဆဋ္ဌမဘုံအဆင့်အထိ 'နတ်ရှိခိုးရုပ်'အမွှမ်းပန်း (၁၅၇)ခု ထည့်သွင်းပူဇော်ထားပါသည်။ သတ္တဝါအပေါင်းတို့ မှီတင်းနေထိုင်သည့် လောကကြီးကို စောင့်ရှောက်လျက်ရှိကြကုန်သော သမ္မာဒေဝနတ်ကောင်းနတ်မြတ်များမှ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအားထိုင်လျက် ဒူးတုပ်ကန်တော့နေဟန် ဖြစ်ပါသည်။ နတ်မင်း၏ပဝါစကို ပန်းနွယ်များယှက်လိမ်၍ လွင့်ပျံ့နေသည့်အသွင် လက်ရာမြောက်စွာ ပုံဖော်ထားပါသည်။ နတ်ဝတ်တန်ဆာများ ဆင်ယင်ထုလုပ်ထားပြီး ဦးခေါင်းနောက်တွင် နတ်မင်း၏ ကိုယ်ရောင်ကိုယ်ဝါကို ရောင်ခြည်တန်းဖြင့် ဖော်ကျူးထားရာ လွန်စွာလက်ရာမြောက်လှပါသည်။

ရွှေထီးတော်ကြီး၏ ဘုံတစ်ဆင့်နှင့်တစ်ဆင့်ကြား 'ရေကြာတန်း' အမွှမ်းပန်းများ တပ်ဆင်ထားပါသည်။ ရေကြာတန်း၏ပုံသဏ္ဍာန်သည် လှိုင်းကြက်ခွပ်လေးများသဖွယ် ဖြစ်ပါသည်။ အမြဲတမ်းလှုပ်ရှားနေခြင်း၊ အေးမြခြင်း၊ စဉ်ဆက်မပြတ် တည်ရှိခြင်း၊ ကြာပန်းတို့၏ တည်မှီရာဖြစ်ခြင်း သဘောကို ဆောင်ပါသည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်သည်လည်း ညှိုးမှိန်ငြိမ်သက်ခြင်းမရှိဘဲ အမြဲတမ်းသွက်လက်စွာ

စိန်မှုခ် မှန်ကင်း



ဖြင့် လှုပ်ရှားလျက်ရှိနေကာ သာသနာရောင်ဝါထွန်းလင်းခြင်း၊ သန္တိသုခ အမတဓာတ်သဘောကိုဆောင်ခြင်း၊ သူတော်ကောင်းတို့၏ တည်မှီရာဖြစ်ခြင်း၊ ငြိမ်းချမ်းခြင်း အဓိပ္ပာယ်ကို ဆောင်ပါသည်။

ဤသို့ အနက်အဓိပ္ပာယ်ပြည့်ဝသော အမွှမ်းပန်းလက်ရာများကို ရေးဆွဲပြုစုပေးခဲ့သူမှာ အမရပူရမြို့မှ မြန်မာမှုဒီဇိုင်းပညာရှင်ဆရာကြီး ဦးအေးမြင့်ဖြစ်ပြီး အမွှမ်းပန်းပုံစံများအား ရွှေသားဖြင့် လက်ရာမြောက် သွန်းလုပ်ဆောင်ရွက်ပေးခဲ့ကြသူများမှာ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်နေ ရွှေပန်းထိမ်ပညာရှိ ဦးကျော်ဇော၊ ဦးစိုးသိန်းသန်းနှင့် ဦးသောင်းတို့ ဖြစ်ကြပါသည်။ ၎င်းပညာရှင်များအားလုံးမှ ကုသိုလ်ပြုဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ရွှေထီးတော်ကြီးနှင့်အတူ ပါဝင်သော အင်္ဂါအစိတ်အပိုင်းများ**

မဟာမုနိရုပ်ရှင်တော်ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာဂန္ဓကုဋိတိုက်အထက်ရှိ မဟာသုဝဏ္ဏပါသာဒရွှေကျောင်းပြာသာဒ်တော်အထွတ်တွင် တင်လှူပူဇော်ထားရှိသော ရွှေသားထီးတော်ကြီးနှင့်အတူ ပါဝင်သော အင်္ဂါအစိတ်အပိုင်းများမှာ ပန်းလည်တိုင်၊ ဆပ်သွားဖူးတော်၊ ဖွန်းလေးဘုံ၊ နတ်မင်းကြီးလေးပါး၊ ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ ဖြစ်ပါသည်။

ပြာသာဒ်တော်၊ ထုပိကာနှင့် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား တစ်သားတည်းဖြစ်စေရန် အဓိကစွမ်းဆောင်ထိန်းချုပ်ရသည့် ဗဟိုမဏ္ဍိုင်မှတိုင်ကို 'ပန်းလည်တိုင်'ဟု ခေါ်ပါသည်။ စေတီ၊ ပုထိုး၊ ပြာသာဒ်များတွင် ရှေးနှစ်ပေါင်းများစွာက ကျွန်းနှင့် အခြားသစ်မာများ၊ မန်ကျည်းသားအနှစ် စသည်တို့ဖြင့် ပန်းလည်တိုင်ပြုလုပ်ကြကြောင်း သိရှိရပါသည်။ သံကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သောခေတ်တွင် ပန်းလည်တိုင်ကို သံဖြင့် ပြုလုပ်ကြသည်။ မဟာသုဝဏ္ဏပါသာဒရွှေကျောင်းပြာသာဒ်တော်ကြီး၏ မူလပန်းလည်တိုင်ကိုလည်း သံဖြင့် ပြုလုပ်ထားကြောင်း သိရပါသည်။ ၂၀၀၂ ခုနှစ် ရွှေထီးတော်ကြီး တင်လှူပူဇော်ရာတွင် ခေတ်ကာလအရ အကောင်းဆုံးနှင့် အခိုင်မာဆုံးဖြစ်သော စတိန်းလက်စတီးလ်(Stainless Steel)ပန်းလည်တိုင်ကို တင်လှူခဲ့ပါသည်။ ၎င်းပန်းလည်တိုင်အရှည်မှာ (၂၃)ပေ (၅)လက်မဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ယူ၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ဦးတင်မောင်ညွှန့် ခေါင်းဆောင်သော စက်မှုအင်ဂျင်နီယာအဖွဲ့က ရန်ကုန်မြို့ ဆင်မလိုက်သင်္ဘောကျင်းတွင် ပြုလုပ်ပြီး လှူဒါန်းခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုအချိန်က ကာလတန်ဖိုးငွေကျပ် ၆၉၃၀၁၀ ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

# နိုင်ငံတကာ အားကစား သတင်းများ



## ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဘရာဇီးလက်ရွေးစင်အသင်း ကစားသမားစာရင်း ထုတ်ပြန်

**လန်ဒန် ဩဂုတ် ၂၇**

ဘရာဇီးလက်ရွေးစင်အသင်းသည် လာမည့်လတွင် ယှဉ်ပြိုင်ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲနောက်ဆုံးပွဲများအတွက် ကစားသမားစာရင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘရာဇီးလက်ရွေးစင်အသင်း ကစားသမားစာရင်းတွင် ဂိုး - အလစ်ဆင်၊ ဘင်တို၊ ဟူဂိုဆူဇာ၊ နောက်တန်း - အလက်ဇန္ဒား ရီဘိုင်ရို၊ အဲလက်စ်ဆန်ဒရို၊ ကိုင်အိုဟင်းနရစ်၊ ဒေါက်ကလပ်ဆန်းတို့စ်၊ ဖာဘရစ်စီယိုဘရူနို၊ ဂါဘရီရယ်၊ မာကွင်ဟို့စ်၊ ဗန်ဒါဆင်၊ ဝက်စ်လေ၊ အလယ်တန်း - အင်ဒရေဆန်းတို့စ်၊ ဘရူနိုဂူမာရေးစ်၊ ကက်စ်မီရို၊ ဂျိုးလင်တန်၊ လူးကပ်စ်ပါကွီတာ၊ ရှေ့တန်း - အက်စ်တီဗာအို၊ မာတင်နယ်လီ၊ ဂျာအိုပီဒရို၊ ကိုင်အိုဂျော့၊ လူးဝစ်ဖ်ဟင်းနရစ်၊ မားသီးယပ်စ်ကန်ညာ၊ ရာဖင်ညာ၊ ရီချာလီဆင်တို့ ပါဝင်လာခဲ့သည်။ **(အပေါ်ပုံ)**

ဘရာဇီးလက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လာမည့်စက်တင်ဘာ ၅ ရက်တွင် ချီလီအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဘိုလီဗီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

## ကိုဘီမိုင်နူး မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၂၇**

မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးသည် လက်ရှိဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဘရန့်ဖို့ဒ်၊ ချဲလ်ဆီး၊




ဘရိုက်တန်၊ စပါး၊ ဖူလ်ဟမ်စသည့်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ကိုဘီမိုင်နူးအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(NGB)**

## လူးကပ်စ်ဗက်ကွက်ဇ် လေဗာကူဆင်အသင်းတွင် ကျောနံပါတ်(၂၁)ဂျာစီ ဝတ်ဆင်ကစားသွားမည်




**မြူးနစ် ဩဂုတ် ၂၇**

နောက်ခံကစားသမားသစ် လူးကပ်စ်ဗက်ကွက်ဇ် လေဗာကူဆင်အသင်းတွင် ကျောနံပါတ်(၂၁)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် လေဗာကူဆင်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား လူးကပ်စ်ဗက်ကွက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၀၂ ပွဲ ကစားပြီး ၃၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လေဗာကူဆင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၁၂ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ချူကွယ်မယ်ကာအား ဒေါ့မွန်အသင်း အပြီးသတ်ခေါ်ယူ

**မြူးနစ် ဩဂုတ် ၂၇**

ဒေါ့မွန်အသင်းသည် ချဲလ်ဆီးအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်တိုက်စစ်ကစားသမား ချူကွယ်မယ်ကာအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၄ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ချူကွယ်မယ်ကာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ ဒေါ့မွန်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၇ပွဲကစားပြီး တစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက အပြီးသတ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## မာတစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆက်ဆူအိုလိုအသင်းခေါ်ယူ

**တူရင် ဩဂုတ် ၂၇**

စီးရီးအေကလပ် ဆက်ဆူအိုလိုအသင်းသည် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမားဟောင်း မာတစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝ



တစ်လျှောက်တွင် ဘင်ဖီကာ၊ မန်ချက်စတာယူနိုက်တက်၊ ရိုးမား၊ ရင်းနက်စ်၊ လိုင်ယွန် စသည့်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆက်ဆူအိုလိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ မာတစ်က "ကျွန်တော် ဆက်ဆူအိုလိုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကိုနွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။**(NGB)**

## နည်းပြ ဂရေဟမ်ပေါ်တာ ဝက်စ်ဟမ်းအသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၂၇**

ဝက်စ်ဟမ်းအသင်းသည် အသင်းနည်းပြ ဂရေဟမ်ပေါ်တာကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ ဂရေဟမ်ပေါ်တာကို နည်းပြရာထူးမှ ထုတ်ပယ်ရန် စဉ်းစားလာခြင်းဖြစ်သည်။

နည်းပြ ဂရေဟမ်ပေါ်တာသည် ဝက်စ်ဟမ်းအသင်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၁ ပွဲတွင် ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၁ ပွဲရှုံး ရလဒ်ကို ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ဂရေဟမ်ပေါ်တာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဝက်စ်ဟမ်းအသင်းနည်းပြရာထူးမှ အမှန်တကယ်ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* နာပိုလီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းတိုက်စစ်မှူး ဟွိုင်လန်းကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။
* ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဗီလာရီးရဲလ်အသင်း တောင်ပံကစားသမား ပီနိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

**(NGB)**

## နီကိုပက်ဇ် အသင်းတွင် ဆက်ရှိမည်ဟု ကိုမိုအသင်း အတည်ပြု

**တူရင် ဩဂုတ် ၂၇**

ကွင်းလယ်တိုက်စစ်ကစားသမား နီကိုပက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ကိုမိုအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား နီကိုပက်ဇ်သည် ကိုမိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇ ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ယာပုံ)**

ကိုမိုအသင်းထုတ်ပြန်ချက်တွင် "နီကိုပက်ဇ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(NGB)**




## 2025 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၁ရက် စတင်မည်

**လန်ဒန် ဩဂုတ် ၂၇**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၁ ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(ယာပုံ)**

အဆိုပါ 2025 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Guadalajara 125 Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Guadalajara 125 Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှားတင်းနစ်မယ် Kamilla Rakhimova ဖြစ်သည်။

**(NGB)**



### အာရှ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (အုပ်စုအဆင့်)ပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| --- | --- | --- |
| ၂၈-၈-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၄:၀၀ နာရီ | ဒိုဂက်စတန်း (မွန်ဂိုလီးယား) - အားကာ/သိပ္ပံ (မြန်မာ) |

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်ရေး ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**ပခုက္ကူ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ရုံးလုပ်ငန်းများစနစ်ကျပြီး လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရုံးစာရေးသားနည်းသင်တန်း (၂/၂၀၂၅) ဖွင့်လှစ်ခဲ့သည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် မြို့နယ်တာဝန်ခံ ဦးစီးအရာရှိများက ရုံးစာရေးသားရခြင်း၏ ရည်ရွယ်ချက်များ၊ ရုံးစာအမျိုးအစားများအလိုက် နိဒါန်း၊ စာကိုယ်၊ နိဂုံးရေးသားနည်းများ၊ ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက်များ၊ ဝင်စာ၊ ထွက်စာ၊ စာရွက်စာတမ်းများ လုံခြုံစွာ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ ရုံးလုပ်ငန်းသဘောတရားများနှင့် အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းတင်ခြင်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပခုက္ကူခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၆ရက်မှ ၂၇ရက်အထိ ဖြစ်ကြောင်း သိရသည်။**(၃၄၀)**



# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့် တွေ့ဆုံ၊ စားသုံးဆီများ ထောက်ပံ့

**မန္တလေး ဩဂုတ် ၂၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ ကြက်တောင် အားကစားခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြကြရာ ကျောင်းအုပ်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားသုံးဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

*-*-*-*-*

# တိုင်ဖွန်းမုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် လေ့ကျင့်ပြင်ဆင်စုဖွဲ့မှုများ ပြုလုပ်

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်ဖွန်းမုန်တိုင်း 'ကာဂျီကီ' ၏ အကြွင်းအကျန်များသည် မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်နိုင်သဖြင့် တပ်ဖွဲ့ဝင်၊ ယာဉ်၊ စက်၊ လှေများ အသင့်စုဖွဲ့ထား၍ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် ကြိုတင်လေ့ကျင့်ပြင်ဆင်စုဖွဲ့မှုများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။



**(ဝဲပုံ)**

အဆိုပါ ကြိုတင်လေ့ကျင့်ပြင်ဆင်စုဖွဲ့ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးစီး၍ မြို့နယ်မီးသတ်သန္နေ ၁၀ ဦး၊ အရန်မီးသတ် ၂၀ ဦးတို့ဖြင့် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

**(၀၅၆)**

*-*-*-*-*

**သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။**

# ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အန္တရာယ် အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကျင်းပ

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) တွင် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အန္တရာယ် အသိပညာပေးဆွေးနွေးပွဲ(Talk Show) ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)များ သုံးစွဲခြင်း၏ အန္တရာယ်များ၊ ဆိုးကျိုးများ၊ ရှောင်ရှားသင့်သည့်အကြောင်းအရာများ၊ လျှော့ချသုံးစွဲသင့်သည့်နည်းလမ်းများ၊ ပြန်လည်စွန့်ပစ်ခြင်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ(Talk Show)ဆွေးနွေးပွဲကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်တို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့(ချမ်း/စည်)**




# ပဲစင်းငုံသီးနှံ လျာထားဧကထက် ခုနစ်ထောင်ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ကန့်ဘလူ ဩဂုတ် ၂၇**


စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်ရှိ ပြည်သူများသည် မိသားစုစီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား စိုက်ပျိုးထုတ်လုပ်သော ဒေသတစ်ခုဖြစ်သည့်အလျောက် ရာသီအလိုက် စိုက်ပျိုးသီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးသည့်အနက် ပဲစင်းငုံ ဧက ၁၁၅၆၆၀ လျာထားပြီး မေ၊ ဇွန်လတို့တွင် စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ၁၂၃၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

'ကျွန်တော်တို့ မြို့နယ်မှာ ဒေသခံတောင်သူတွေ ရာသီအလိုက် စိုက်ပျိုးသီးနှံတွေကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ဖို့၊ ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ဖို့၊ တစ်ဧက အထွက်နှုန်းကောင်းမွန်ရေး သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုမရှိရေး၊ စိုက်ပျိုးရေးနည်းပညာများကို လိုက်ပါဆောင်ရွက်နိုင်ဖို့အတွက် ကွင်းဆင်း အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်'ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်၊ သီးညှပ်လည်း စိုက်ပျိုးထုတ်လုပ်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိသည်။ ပဲမျိုးစုံစိုက်ပျိုးရာတွင် ဈေးကွက်ဝင် ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံအပါအဝင် ပဲမျိုးပေါင်း ၁၇ မျိုးကျော် စိုက်ပျိုးလျက်ရှိပြီး ကန့်ဘလူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း(မိုးကြို) ဧက ၆၆၅၀၊ ပဲတီစိမ်း(မိုး) ၈၈၇၂၄ ဧက၊ ထောပတ်ပဲ ၇၇၇ ဧက၊ စွန်တာပြာ ၂၂၂၅ ဧက၊ ပဲစင်းငုံ ၁၂၃၃၆၆ ဧကနှင့် အခြားပဲ ကိုးဧကစိုက်ပျိုးပြီးဖြစ်သည်။ **(အောက်ပုံ)**

ကန့်ဘလူမြို့နယ်၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါးအပါအဝင် ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုး၊ ဆောင်း၊ နွေရာသီအလိုက် လျာထားချက်ဧကများ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြို စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၇**

နှစ်စဉ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြို စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက ရတနာပုံတက္ကသိုလ်ရှိ အဆောင်-၂၂ ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲတွင် "လူကုန်ကူးမှု တိုက်ဖျက်ရေး ပိုင်းဝန်းကူညီပေး" ခေါင်းစဉ်ဖြင့် ၂၉ ဦး၊ ကဗျာပြိုင်ပွဲတွင် "လူကုန်ကူးမှုအန္တရာယ်" ခေါင်းစဉ်ဖြင့် ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ယှဉ်ပြိုင်နေမှုအား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(ဝ၈၂)**



## မန္တလေးမြို့မှ ကဗျာဆရာ၊ စာရေးဆရာများ စုပေါင်းရေးသားသော အလွမ်းကဗျာ၊ အလွမ်းစာလွှာများစာအုပ် အခမ်းဖြန့်ဝေ

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) စာရေးဆရာမကြီး ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး) ကွယ်လွန်ခြင်း ရက် ၄၀ ပြည့် အောက်မေ့ဖွယ် ဆုတောင်းခြင်းနှင့် မန္တလေးမြို့မှ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာများ စုပေါင်းရေးသားသော အလွမ်းကဗျာ၊ အလွမ်းစာလွှာများစာအုပ် အခမဲ့ဖြန့်ဝေခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၁၁ နာရီက မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၅လမ်းရှိ ကီးမားတင်ဝင်း မင်္ဂလာခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် ဦးတင်ဝင်းမောင်(ကီးမားတင်ဝင်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အမ(သို့မဟုတ်)အမေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း၊ စာရေးဆရာစိုးနိုင်(မန္တလေးတက္ကသိုလ်)၊ စာရေးဆရာ သင့်နော်၊ မဟာအောင်မြေစာရေးဆရာအသင်းမှ ပြည့်ဆွေ(နတ္တလင်း)၊ အစ္စလာမ်သာသနာရေးရာကောင်စီ(မန္တလေးတိုင်း) ဥက္ကဋ္ဌ ပို့/ဆက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်သိန်းတို့က စာရေးဆရာမကြီး ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး) အမှတ်တရ မှဒိတာစကားများပြောကြားပြီး တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်သန်းက ဆုတောင်းမေတ္တာပို့သခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် တက်ရောက်လာသူများအား ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)အတွက် မန္တလေးမြို့မှ ကဗျာဆရာ၊ စာရေးဆရာ ကလောင်ရှင် ၁၆၃ ဦး ရေးသားသော အလွမ်းကဗျာ၊ အလွမ်းစာလွှာများ စာအုပ်ကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**မကွေး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ အ·ထ·က(ခွဲ)ကန်သာကျောင်းတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က အခမ္ဘခိုင်းစေခံနေရသည့် ကလေးများအကြောင်း၊ အသက်မပြည့်သေးသည့် ကလေးများအား သွေးဆောင်ဖြားယောင်းခိုင်းစေနေခြင်းအကြောင်း၊ ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ နွမ်းပါးသည့်မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝရရှိစေရန် ဖန်တီးပေးခြင်းတို့ကို ဟောပြောပြီး ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး စာအုပ်၊ စာစောင်များအား ခင်းကျင်းပြသခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူ၊ ကလေးငယ်များအနေဖြင့် မိမိပတ်ဝန်းကျင်၊ မိမိနေထိုင်ရာဒေသများ၌ သွေးဆောင်ဖြားယောင်းမှုမခံရစေရေးနှင့် အခမ္ဘခိုင်းစေခံရမှု မဖြစ်ပေါ်စေရေး ပညာပေးဟောပြောခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၂၇**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်က သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ၏ မျှော်မှန်းချက်၊ ပန်းတိုင်၊ ရည်ရွယ်ချက်များအကြောင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများ အကြောင်း၊ ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းနှင့် ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါက်တာဥမ္မာကြည်က အခြေခံပညာဦးစီးဌာနအနေဖြင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများအား ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်ဆိုင်ရာ ဆရာကိုင်လက်စွဲစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၈၅)**

## ပြည်သူ့စာကြည့်တိုက်၌ စာပတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဥတ္တရသီရိ ဩဂုတ် ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာရေးဆရာမ ဇင် (ရန်ကုန်တက္ကသိုလ်)ရေးသားသော "ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ" စာအုပ်ဖြင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



ဆွေးနွေးပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာပေဖတ်ရှုသည့် အလေ့အထကောင်းများတိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများ ဖလှယ်ဆွေးနွေးနိုင်ရေး ရည်ရွယ်ကာ စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် စာရေးဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်) ရေးသားဖော်ပြခဲ့သည့် အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး စာရေးဆရာ စိန်ဝင်းနွယ် (ဘာသာပြန်)၊ စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာ သဘာဝ၊ စာရေးဆရာ မောင်ရည်ကျော်(ရှုပ)၊ စာရေးဆရာ အိုင်ပီမျိုးအောင်၊ စာရေးဆရာ မောင်အောင်ငွေ (ညောင်ခြေထောက်)၊ စာရေးဆရာ အညာသားဗထူးနှင့် စာရေးဆရာမ ချယ်ချယ်(YU)တို့က စာရေးဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်) ရေးသားသော "ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ" စာအုပ်ပါအကြောင်းအရာများကို ဖတ်ကြားဆွေးနွေးခဲ့ကြပြီး စာရေးဆရာ၊ ဆရာမများက မိမိတို့၏ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါစာဖတ်ဝိုင်းဆွေးနွေးပွဲသို့ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ခြင်ကိုက်ခြင်းကို ကာကွယ်ပေးနိုင်မယ့် လက်တွေ့နည်းလမ်းများ



ခြင်ကိုက်ခံရတဲ့အခါမှာ ကိုက်ခံရတဲ့ အရေပြားတစ်ဝိုက်တွင် ယားယံပြီး ခြင်ကိုက်ဖုတွေ ဖြစ်ပေါ်လာရာမှ အနာတွေ ဖြစ်လာတတ်ပါတယ်။ ခြင်တွေ မကိုက်ခင်မှာလည်း ဘေးမှာ တဝီဝီနဲ့ ဝဲနေတဲ့အသံက စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းပါတယ်။

ခြင်ကိုက်ခြင်းကို ကာကွယ်ဖို့ နည်းလမ်းတွေရှိပေမယ့် အောက်စ်ဖို့ဒ်တက္ကသိုလ်မှ မေဆီဖော်လန်စ်က ဖော်ပြခဲ့တဲ့ တကယ်တမ်းအလုပ်ဖြစ်တဲ့နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ဘီယာသောက်ခြင်း ရှောင်ပါ။**

ဘီယာသောက်ခြင်းနဲ့ ရေသောက်ခြင်းတို့မှာ ဘယ်အရာက ခြင်ပိုကိုက်စေသလဲဆိုတာကို ၂၀၁၀ ပြည့်နှစ်က လေ့လာခဲ့ပါတယ်။ ဘီယာသောက်တဲ့သူတွေမှာ ခြင်ပိုကိုက်ကြပြီး ရေသောက်တဲ့သူတွေမှာတော့ ကွဲပြားခြားနားခြင်းမရှိပါဘူး။

**(၂) အမွှေးအကြိုင်သုံးပါ။**

အမွှေးအကြိုင်ပစ္စည်းတွေက အနံ့ဆိုးကင်းဝေးစေရုံမက ပါဝင်တဲ့ အိုက်ဆိုပရိုပိုင်းတက်ထရာဒီကာနိုအိတ်က ခြင်တွေကို ထိရောက်စွာပြေးစေနိုင်ကြောင်း လေ့လာတွေ့ရှိထားပါတယ်။ချွေးထွက်တဲ့အခါမှာ ပိုးမွှားတွေ ပိုမိုကပ်ငြိနိုင်တယ်လို့လည်း တွေ့ရှိထားပါတယ်။

**(၃) အသီးအနှံများ ရွေးချယ်စားသုံးပါ။**

အချို့အသီးအနှံတွေ စားသုံးခြင်းက ခြင်တွေ အကြိုက်လည်း ဖြစ်နေနိုင်ပါတယ်။ ငှက်ပျောသီးစားပြီးတဲ့အခါ လက်မှာကျန်တဲ့အနံ့က ခြင်တွေကို ဆွဲဆောင်စေပါတယ်။

**(၄)ပိုးမွှားဖျန်းဆေးအသုံးပြုပါ။**

ပိုးမွှားသတ်ဆေးတွေမှာ ပါဝင်တဲ့ ဓာတုပစ္စည်းက အရေပြားပေါ်မှာ အသုံးပြုနိုင်ပါတယ်။ အနံ့အသက် သိပ်မကောင်းပေမယ့် ခြင်ကိုက်ခြင်းမှအကြာရှည်ဆုံး ကာကွယ်ပေးနိုင်ပါတယ်။

**(၅) အဝတ်အစားများကို ပိုးသတ်ဆေးဖျန်းပါ။**

အရေပြားမှာ ပိုးသတ်ဆေးမသုံးချင်ဘူးဆိုရင် အဝတ်အစားများပေါ်မှာ ဖျန်းပေးနိုင်ပါတယ်။ ဆပ်ပြာအမျိုးအစားအမျိုးမျိုးက ခြင်ပိုကိုက်စေသလားဆိုတဲ့အပေါ် သက်ရောက်မှုမရှိကြောင်း တွေ့ရှိခဲ့ပါတယ်။

**(Credit to Internet)**

**Daisy**

*-*-*-*-*

## ကုပ်ကျီးပေါင်းကိုသက်သာစေမယ့် လေ့ကျင့်ခန်းများ

ဖုန်းနဲ့ ကွန်ပျူတာကို တစ်နေကုန်နီးပါး အသုံးပြုလာတဲ့ နောက်ဆက်တွဲဆိုးကျိုးအနေနဲ့ ဇက်ကြောတက်ခြင်း၊ အမြင်အာရုံဝေဝါးခြင်းနဲ့ ကုပ်ပိုးကျီးပေါင်းတက်ခြင်းများ ဖြစ်လာပါတယ်။ ကုပ်ပိုးကျီးပေါင်းနဲ့ ဇက်ကြောတက်ခြင်းကြောင့် လည်ပင်းနဲ့ ကုပ်ပိုးတစ်ဝိုက်မှာ ညောင်းညာကိုက်ခဲပြီး ခေါင်းမထောင်နိုင်ဘဲ မူးဝေတဲ့အထိ ဝေဒနာကို ခံစားရတဲ့အခါမှာ ဆေးလူး၊ ဆေးသောက်ရုံနဲ့ မသက်သာနိုင်ပါဘူး။ ကုပ်ပိုးကျီးပေါင်းနဲ့ ဇက်ကြောတက်နေတာကို သက်သာစေရန်အတွက် လေ့ကျင့်ခန်းပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ ပြုလုပ်ရမယ့် လေ့ကျင့်ခန်းတွေက ရိုးရှင်းပြီး မိနစ်ပိုင်းပဲ အချိန်ပေးရတာကြောင့် တစ်နေ့ကို နှစ်ကြိမ်လောက်ပြုလုပ်ဖို့ တိုက်တွန်းပါတယ်။ ပြုလုပ်ရမယ့် လေ့ကျင့်ခန်းပုံစံတွေကို ပုံနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။**Daisy**




## တင်းတိပ်က မျိုးရိုးလိုက်တတ်လား

တင်းတိပ်ဟာ အမျိုးသား၊ အမျိုးသမီးမရွေး ဖြစ်နိုင်တဲ့အရေပြားပြဿနာတစ်မျိုးပါ။ ဟော်မုန်းအပြောင်းအလဲတွေဖြစ်တဲ့ကိုယ်ဝန်ဆောင်မိခင်၊ သန္ဓေတားဆေးသောက်သုံးနေသူ၊ ဟော်မုန်းအစားထိုးကုသမှုခံယူနေသူ၊ သိုင်းရွိုက်ဟော်မုန်းမညီမျှတဲ့ ရောဂါရှိသူ၊ အတက်ကျဆေးသောက်နေရသူတွေမှာ တင်းတိပ်ပိုဖြစ်နိုင်ပါတယ်။ ဒါ့အပြင် နေရောင်ခြည်ထဲက ခရမ်းလွန်ရောင်ခြည် UV-rays တွေကလည်း Melanin ပိုထွက်အောင် အားပေးလို့ဆော်တဲ့အတွက် နေရောင်ခြည်ထိတွေ့များတဲ့နေရာတွေမှာ တင်းတိပ်ကို ပိုဆိုးစေပါတယ်။

တင်းတိပ်ဟာ မျိုးရိုးလိုက်တတ်လားဆိုရင်တော့ မျိုးရိုးနဲ့လည်း သက်ဆိုင်ပါတယ်။ တစ်ဝမ်းကွဲတော်စပ်တဲ့ ဆွေမျိုးတွေ၊ အမြွာတွေမှာ တင်းတိပ်ဖြစ်ရင် မိမိမှာလည်း တင်းတိပ်ဖြစ်နိုင်ခြေ ၄၁မှ ၆၁ရာခိုင်နှုန်းရှိပါတယ်။ နေရာဒေသပေါ် မူတည်ပြီး လေ့လာချက်များအရ အရှေ့အလယ်ပိုင်းက အာရှသားတွေ၊ အင်ဒီးယန်းတွေ၊ အာဖရိကန်-အမေရိကန်တွေ၊ လက်တင်အမေရိကလူမျိုးတွေမှာ တင်းတိပ်ပို အဖြစ်များလေ့ရှိပါတယ်။ မျက်နှာမှာပဲ တင်းတိပ်ပိုအဖြစ်များတာက ဘရာဇီးလူမျိုး အမျိုးသမီးတွေနဲ့ အာဖရိကန်မျိုးနွယ်နဲ့ ဆက်နွယ်သူတွေပဲ ဖြစ်ပါတယ်။

တင်းတိပ်လုံးဝပျောက်ကင်းအောင် ကုသနည်းမရှိသေးပေမယ့် မှိန်ဖျော့ပြီး ပါးသွားအောင်လုပ်လို့ရပါတယ်။

(၁) အစွမ်းထက်သော Antioxidant များဖြစ်ပြီး အရေပြားပျက်စီးခြင်းကို ကာကွယ်ပေးကာ အရောင်အဆင်းတောက်ပ လင်းလက်စိုပြည်စေရုံသာမက တင်းတိပ်ကဲ့သို့ အစက်အပြောက်များ မှိန်ဖျော့ပြီး ငယ်ရွယ်နုပျိုကျန်းမာသောအရေပြားအဖြစ် ပြန်လည်မွေးဖွားပေးမယ့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝသော အစားအစာများ စားပေးခြင်း။

(၂) ကော်လဂျင်ထုတ်လုပ်ရာမှာ အဓိကပါဝင်ပြီးတော့ အရေပြား တင်းတင်းရင်းရင်းဖြစ်စေတဲ့ အမျှင်များကို မပျက်စီးအောင် ကာကွယ်ပေးတဲ့ Vitamin -C ကို လုံလောက်အောင် မှီဝဲပေးခြင်း။

(၃)ကိုယ်ခန္ဓာရှိ ဆဲလ်တွေရဲ့ သဘာဝလုပ်ငန်းဆောင်တာအဖြစ် အစက်အပြောက်များ ပေါ်ထွက်လာခြင်းကို တားဆီးပေးနိုင်တဲ့အပြင် အရေပြားအရောင်အဆင်းကို ဝင်းလက်စိုပြည်နေစေမှာဖြစ်တဲ့ Alpha Lipoic Acid ပါဝင်သော ဖြည့်စွက်ဆေး၊ အလှကုန်အသုံးပြုပေးနိုင်ပါတယ်။ Hydroquinone ၊ Tretinoin ၊ စတီးရွိုက် Corticosteroids ပါဝင်သော လိမ်းဆေးများ၊ Azelaic (သို့မဟုတ်) Kojic Acid ပါလိမ်းဆေး၊ အလှကုန်များကို ဆရာဝန်ညွှန်ကြားချက်ဖြင့် အသုံးပြုပေးနိုင်ပါတယ်။

(၄) အရေပြားဆိုင်ရာ ကုသနည်းများဖြစ်တဲ့ Microdermabrasion၊ အရေပြားအပေါ်ယံလွှာခွာချကုသနည်း Chemical Peel၊ အလင်းနှင့်လေဆာကုထုံးများ Light Therapy & Laser treatment ၊ Dermabrasion စသည့် အရေပြားအထူးကု ဆရာဝန် ညွှန်ကြားသည့် ကုထုံးများဖြင့် သက်သာနိုင်ပါတယ်။



**(Credit to internet)**

**Daisy**

*-*-*-*-*




## အမြင်အာရုံပြန်ကောင်းလာစေမယ့် အမူအကျင့်များ

ခုခေတ်မှာ လူတိုင်းက ဖုန်းအသုံးပြုကြပြီး အလုပ်လုပ်ဖို့အတွက် ကွန်ပျူတာကို အမြဲလိုလို အသုံးပြုရတဲ့အခါ မျက်စိကျန်းမာရေးအတွက်လည်း စိတ်ပူလာရပါတယ်။ ကွန်ပျူတာနဲ့ ဖုန်းသုံးစွဲမှုကို ရပ်တန့်ဖို့မလွယ်ပေမယ့် မျက်စိကို ပြန်အားဖြည့်ဖို့အတွက် လုပ်ဆောင်နိုင်ပါတယ်။ ဒါကြောင့် အမြင်အာရုံကောင်းမွန်စေဖို့ လုပ်ဆောင်ရမယ့် အကြောင်းအရာတွေကို မျှဝေပေးလိုက်ပါတယ်။

**(၁) ဖွင့်လိုက်၊ မှိတ်လိုက်လုပ်ပါ။**

ဖုန်း၊ ကွန်ပျူတာတွေ အသုံးများသူတွေနဲ့ မျက်စိကို ထိခိုက်စေတဲ့ Electronic devices တွေကို အမြဲသုံးနေရသူတွေအနေနဲ့ မျက်စိကိုက်လာတဲ့အခါ ငါးစက္ကန့်လောက် မှိတ်လိုက်၊ ဖွင့်လိုက် လုပ်ပေးပါ။ တစ်နာရီခြားတစ်ခါလောက် ပုံမှန်ပြုလုပ်ပေးသွားမယ်ဆိုရင် အမြင်စူးစေတဲ့ အလင်းရောင်တွေကို ကာကွယ်ပေးနိုင်သလို မျက်စိနာကျင်ကိုက်ခဲခြင်းကိုလည်း သက်သာစေပါတယ်။

**(၂)ရေအေးနဲ့ဆေးကြောပါ။**

ဖုန်းနဲ့ကွန်ပျူတာတွေ ကြည့်ရတာများလာလျှင် မျက်စိကညောင်းလာပြီး မျက်လုံးစပ်သလို၊ ပူသလိုဖြစ်လာတယ်ဆိုရင် မျက်စိကို ရေအေးအေးနဲ့ ဆေးကြောပက်ဖျန်းပေးလိုက်ပါ။ မျက်နှာသစ်ပေးတဲ့သဘောပါပဲ။ မျက်စိကို ရေနဲ့ ပက်ဖျန်းပြီးချိန်မှာ မျက်စိအမြင် လန်းဆန်းလာရုံသာမက စိတ်ပါ လန်းဆန်းလာပါလိမ့်မယ်။

**(၃)မျက်လုံးလေ့ကျင့်ခန်းလုပ်ပေးပါ။**

မျက်လုံးတွေညောင်းလာတဲ့အခါ ကိုယ့်ရဲ့လက်ဖဝါးနှစ်ခုကို ပူနွေးလာသည်အထိ အချင်းချင်းပွတ်တိုက်ပြီး မျက်စိပေါ်ကို အလင်းရောင်မမြင်ရလောက်တဲ့အခြေအနေအထိ ဖွဖွလေး အုပ်ထားပေးပါ။ ဒီလေ့ကျင့်ခန်းကို နေ့စဉ်နေ့တိုင်း ပြုလုပ်ပေးမယ်ဆိုရင် ကိုယ့်ရဲ့မျက်စိကို အနားယူမှုပေးသလိုလည်း ဖြစ်စေပါတယ်။

**(၄)နံနက်စောစောလမ်းလျှောက်ပါ။**

နံနက်စောစောအိပ်ရာထပြီး လမ်းလျှောက်ပေးခြင်းက ကျန်းမာရေးအတွက် ကောင်းသလို မျက်လုံးကျန်းမာရေးအတွက်လည်း အကျိုးရှိစေပါတယ်။ နံနက်စောစောအိပ်ရာထပြီး နွေးထွေးတဲ့ နေရောင်ခြည်နဲ့ မျက်စိထိတွေ့ရတဲ့အခါ အမြင်တွေကြည်လင်လန်းဆန်းလာစေတာကြောင့် နံနက်စောစော လမ်းလျှောက်ပေးပါလို့ တိုက်တွန်းလိုက်ပါတယ်။

**Daisy**

*-*-*-*-*

# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ဇော်ဂျီ၏ပေဒါလမ်းကဗျာများပုံသဏ္ဌာန် (ဖွဲ့စည်းတည်ဆောက်ပုံ)လေ့လာချက်
စာရေးသူ - ဇော်ဇော်အောင်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၆၅၀၀ ကျပ်
ထုတ်ဝေသည့် ကာလ - ၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ - ၁၆၉ မျက်နှာ




စာရေးသူ ဆရာဇော်ဇော်အောင် စီးပွားရေးတက္ကသိုလ်၊ မြန်မာစာဌာနမှ ပေးအပ်သော မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့အတွက် တင်သွင်းကျမ်းကို ပုံနှိပ်ထုတ်ဝေထားသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် "မာတိကာ" ဟု မဖော်ပြဘဲ "အညွှန်း" ဟု ဖော်ပြကာ ဝေါဟာရရှင်းလင်းချက်၊ ဝဲလက်၏ သီဝရီ၊ ဝေဖန်ရေး အခြေခံအယူအဆ၊ AIE နှင့် VRN သီဝရီ၊ စာအုပ်ဝေဖန်ချက်၊ ဟိုင်မင်၏ဖွင့်ဆိုချက်၊ဝင်းမဆတ်၏ အမျိုးအစားငါးခု၊ အတွင်း သီဝရီနှင့် အပြင်သီဝရီ၊ ပုံသဏ္ဌာန်ဖွင့်ဆိုချက်၊ ပုံသဏ္ဌာန်ဝါဒ၊ ရုရှားပုံသဏ္ဌာန်ဝါဒဂိုဏ်း၊ ပုံသဏ္ဌာန်လေ့လာချက်၊ အတွင်းလေ့လာမှု သီဝရီကို ကိုင်စွဲရခြင်းအကြောင်းသုံးရပ်၊ အပြင်လေ့လာမှုကို ပစ်ပယ်ရခြင်းအကြောင်း၊ ဘက်ပေါင်းစုံဝေဖန်ရေး၊ ရသပုံသဏ္ဌာန်အဆိုအမိန့်များ၊ရစ်သမ်သဘောတရားနှင့် ဖွင့်ဆိုချက်၊ ရစ်သမ်၏ အကျိုးတရား၊ ကျမ်းတွင်သုံးစွဲသော သင်္ကေတများ၊ ပေဒါလမ်း (ဖွဲ့စည်းတည်ဆောက်ပုံ)၊ ရစ်သမ်လေ့လာချက်၊ ပေဒါလမ်း(အနက်အဓိပ္ပာယ်)ရစ်သမ်လေ့လာချက်၊ မှတ်စုများ၊ ကျမ်းကိုးစာရင်းတို့ ပါရှိသည်။

ဆရာဇော်ဂျီ၏ ပေဒါလမ်းကဗျာကို အသေးစိတ်လေ့လာဖတ်ရှုရမည့်စာအုပ်ဖြစ်ပြီး မြန်မာကဗျာချစ်မြတ်နိုးသူများ လက်စွဲသိမ်းဆည်းရမည့်စာအုပ်လည်းဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး) စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

# ဖော်ညွှန်းသီ

စာအုပ်အမည် - မောင်ချောနွယ်အတု
စာရေးသူ - မောင်ချောနွယ်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၆၅၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(စတုတ္ထအကြိမ်)
မျက်နှာဖုံးပန်းချီ - မှတ်သုံ
အတွင်းပန်းချီ - ငအိမ်ထက်မြက်
စာမျက်နှာ - ၉၀ မျက်နှာ

စာရေးသူ ကဗျာဆရာ မောင်ချောနွယ်၏ "ကဗျာဆရာနဲ့ ပင်လယ်ဓားပြ" အမှာစာနှင့်အတူ ခေတ်ပေါ်မော်ဒန်ကဗျာ အပုဒ်(၂၀)ကို စုစည်းထားသည်။ကဗျာရှည် ခြောက်ပုဒ်ပါရှိကာ ယင်းကဗျာတို့မှာ ဖြစ်ခဲ့တယ်၊ အချစ်ကြောင်းပြောတဲ့ည၊ မျှော်လင့်ခြင်းထမင်းသိုးများ၊ ကြယ်ပြာကလေးနဲ့ ထမင်းစားပြီးတဲ့နောက်၊ အိမ်ငေးသူ၊ နတ်တို့ ခိုးဝှက်ခြင်းခံရတဲ့ ကဗျာများဖြစ်သည်။

ယခု စတုတ္ထအကြိမ်ထုတ်စာအုပ်တွင် ယခင်ထုတ်ဝေခဲ့သည့်စာအုပ်များတွင် မပါဝင်သော ကဗျာစာသားအချို့ကို (ခရေပွင့်) ပြ၍ ဖြည့်စွက်ရိုက်နှိပ်ဖော်ပြထားသည်။

ပြည်

* လဝန်းထဲ
ပွဲကြည့်လှေကလေး
လှော်ခတ်ဝင်သွား
လမ်းရှေ့မှားသူမြစ်။

* နှစ်ထပ်သဘော်
မြို့ကလေးပေါ်
နားခဲ့ပေါ့။

(စာ-၇)

ခေတ်ပေါ်မော်ဒန်ကဗျာစာအုပ် မြတ်နိုးခုံမင်သူများ သဘောကျမည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဒသလေး

## ရွာကျောင်း

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

* နံနက်ခင်းမှာ ရောင်နီလာ
နေခြည်အလင်းဖြာ ။
ရွာအဝင် စာသင်ကျောင်းမှာ
ခေါင်းလောင်းသံသာယာ ။
မြန်မာ့သနပ်ခါး ပါးကွက်ကျား
ပါးပြင်ပေါ်တင်ထား ။
တူညီဝတ်စုံ ဝတ်ဆင်ထား
ကျောင်းသား၊ ကျောင်းသူများ ။

* တစ်ယောက်နဲ့တစ်ယောက် လက်ချင်းယှက်
ခြေလှမ်းတွေ သွက်လက် ။
ပြေးကာ လွှားကာ ကျောင်းကိုတက်
ပြုံးပျော်ရယ်မောလျက် ။
စာသင်ခန်းမှာ စာအံကြ
သံပြိုင် သီဆိုကြ ။
ရေးကြမှတ်ကြ စာသင်ကြ
အေးချမ်းသာယာလှ ။

* ဘက်စုံပညာ ထူးချွန်ရေး
ကြိုးစားအားထုတ်ပေး ။
လူချွန်လူကောင်းဖြစ်စေရေး
ဦးနှောက် ဉာဏ်ရည်သွေး ။
နိုင်ငံ့တာဝန် ထမ်းဆောင်ဖို့
ပညာရည်ကိုစို့ ။
သားကောင်း၊ သမီးကောင်းလေးတွေမို့
ရွာကျောင်းကို သွားစို့ ။ ။

မိုးထက်ကို(အမရပူရ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။




## စာဖတ်ရှိန်မြှင့်တင်ရေး
## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၂၇**

လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက တိုးကြီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုးကြီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက "လူကုန်ကူးမှုအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ မေးမြန်းချက်များ ပြန်လည်ဖြေကြားပေးခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား



အသိပညာပေး နံရံကပ်စာစောင်များ၊သုတ၊ ရသစာအုပ်၊ စာစောင်များ ခင်းကျင်းပြသပေးသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သွေးသွေး(ခရိုင်/ပြန်ဆက်)



# မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန် ငွေများလှူဒါန်း

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်ပြီး ၄က်မြတ်နားတော်နှင့်ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။ ယခုအခါ ပျက်စီးမှုများအား ရှေးမူမပျက်ပြုပြင်လျက်ရှိသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများလာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၅ ရက်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ မလွန်ရပ်နေ ဦးဝင်းမြင့်အေး၊ (တူမ) မခင်စန်းဝင်း မိသားစုက ကျောင်းတော်ကြီးတိုင်တစ်တိုင်အတွက် ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် မန္တလေးမြို့နေ ဒေါက်တာထွန်းထွန်းအောင် + မထားထားနိုင်(ညီမ)မသန္တာအောင် မိသားစုက ငွေကျပ်သိန်း ၁၀၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ ဘဏ်ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UABဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# နိုင်ငံ့ဝန်ထမ်းပင်စင်စား အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**လဲချား ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်ရှိ ပင်စင်စား နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ဩဂုတ် ၂၁ရက် နံနက် ၈ နာရီမှစတင်၍ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုတိုင်းတာစစ်ဆေးပေးခြင်းနှင့်အတူ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

အငြိမ်းစားပင်စင်စားများအနေဖြင့် မိမိတို့အဆင်ပြေသည့်ရက်တွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသောရုံးပိတ်ရက်များမှအပ လစဉ် ၂၁ရက်မှ နောက်လ ၂၀ရက်အထိ လာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှ သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ၁၄ လမ်းနှင့် ၁၅လမ်းကြား၊ ၈၁လမ်းနေ ဦးတင်ဝင်း+ဒေါ်သန်းသန်းဝေ၊ (သား)မောင်စိုးသီဟဝင်း+မစင်မာဝင်း၊ (မြေး)သွန်းရတီစံ မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူးဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။ (ကဆ)

# ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ ကျန်းမာရေးထောက်ပံ့ငွေနှင့် စားသောက်ကုန်များ ပေးအပ်

**မန္တလေး ဩဂုတ် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်မီးသတ်စခန်းများမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲ၊ ကျန်းမာရေးထောက်ပံ့ငွေနှင့် စားသောက်ကုန်များပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီ




ခွဲက အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်းနှင့်ခရိုင်မီးသတ် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကိုကိုတို့က တိုင်းဒေသကြီးနှင့် ဗဟိုမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်းအမြန်လမ်းနယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား ဆန်လေးပြည်၊ ဆီတစ်ပိဿာနှင့် စားသောက်ကုန်များကိုလည်းကောင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ဆေးကုသမှုခံယူနေသော လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်အား ကျန်းမာရေးထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ တို့ကို ပေးအပ်ခဲ့ပြီး ဗန်းမော်မြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့ရောက်ရှိလာသော တပ်ဖွဲ့ဝင် ၁၁ ဦးအတွက် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သားစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မောင်ပြည်သူ(မန္တလေး)

* - * - * - * - * - *

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ပြင်ဦးလွင်မြို့နယ် ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် တစ်အိမ်တက်ဆင်း သုတေသနစစ်တမ်းကောက်ယူ

**မန္တလေး ဩဂုတ် ၂၇**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ သင်ရိုးညွှန်းတမ်းပါ အစီအစဉ်အရ စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများသည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်၊ လက်ပံကုန်းကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာနှင့် နောင်ဝယ်ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပြည်သူ့ဘဝလေ့လာရေးခရီးစဉ် သွားရောက်ကြရာ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ




များ စုစုပေါင်း ၇၀ ဦးတို့သည် ကျေးရွာများနေ ပြည်သူလူနာ ၁၈၀ ဦးအား တိုင်းရင်းဆေးပညာဖြင့် ကုသမှုများဆောင်ရွက်ပေးကြသည်။

ထို့နောက် လက်ပံကုန်းကျေးရွာ၊ နောင်ဝယ်ကျေးရွာများသို့ ပြည်သူ့ဘဝလေ့လာရေးအဖြစ် တစ်အိမ်တက်ဆင်း သုတေသနစစ်တမ်းများ ကောက်ယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၇၀)



## အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင်၃၀၊ (၄၈)ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင်၅၀၊ (၈၀)ကီလိုမီတာထက်ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့်ဆေးတွေ့ကာ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။



**ဖောက်ပင်၊ ဖောက်သီး**

ဖောက်သီးအစို(သို့မဟုတ်)အခြောက်ကို ပြုတ်ပြီးသောက်ရင် အဖျားကျစေပါတယ်။

အပင်တစ်ပင်လုံးကို ပြုတ်ပြီးသောက်ရင် ကိုယ်တွင်းအပူကို လျော့ကျစေပါတယ်။

အသီးအစိမ်မှာ ဗီတာမင်အေ ပါဝင်တာကြောင့် မျက်စိကျန်းမာရေးကို ကူညီပေးပါတယ်။

အရွက်အစို(သို့မဟုတ်)အပင်အခြောက်ကို တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်ပြုတ်ပြီး သောက်ပေးရင် ချောင်းဆိုးပျောက်စေပါတယ်။

အမြစ်အခြောက်ကို ပြုတ်ပြီးသောက်ရင် အသက်ရှူရတာ လွယ်ကူစေပါတယ်။

အသီးအစိုကို ဝါးစား(သို့မဟုတ်)ပြုတ်ပြီး သောက်ပေးရင် လည်ချောင်းနာတာကို ပျောက်ကင်းစေပါတယ်။

အပင်အခြောက်ကို ပြုတ်ပြီးသောက်ပေးရင် သွေးပေါင်ချိန်ကျစေပါတယ်။

အသီးအခြောက်ကို ရေနဲ့ပြုတ်ပြီးသောက်ပေးရင် အစာကြေစေပါတယ်။

အရွက်ကိုထောင်းပြီး အနာပေါ်အုံပေးရင် သွေးထွက်တာကို ရပ်တန့်စေပါတယ်။

အရွက်ကို ထောင်းပြီး အနာ(သို့မဟုတ်) ရောင်ရမ်းတဲ့နေရာတွေကို အုံပေးပါက သက်သာစေပါတယ်။

အပင်တစ်ပင်လုံးကို ပြုတ်ပြီးသောက်(သို့မဟုတ်)အရွက်အစိုကိုထောင်းပြီး အုံပေးရင် ခေါင်းကိုက်တာကို သက်သာစေပါတယ်။

အပင်တစ်ပင်လုံးကို ပြုတ်ပြီးသောက်ရင် ဆီးရွှင်စေပါတယ်။ အညစ်အကြေးတွေ ကင်းစင်စေပါတယ်။

အမြစ်နဲ့ အသီးအစိုကို ပုံမှန်ပြုတ်သောက်ရင် ကျောက်ကပ်ရောဂါကို သက်သာစေပါတယ်။

အသီးအစို(သို့မဟုတ်)အပင်အစိုကို ဖျော်ပြီး သောက်ရင် အကျိအချွဲတွေ ကျစေပါတယ်။

အပင်အစိုကိုပြုတ်ပြီးသောက်ရင် ခန္ဓာကိုယ်ထဲက ပိုလျှံနေတဲ့ ရေတွေကို ဖယ်ရှားပေးပြီး ဖောရောင်တာတွေကို သက်သာစေပါတယ်။

အမြစ်ကို ပြုတ်ပြီးသောက်(သို့မဟုတ်) ထောင်းပြီး ကိုက်တဲ့နေရာကိုအုံပေးပါက အဆစ်အမြစ်ကိုက်တာကို သက်သာစေပါတယ်။

အရွက်အစိုကိုထောင်းပြီး အရေပြားပွန်းပဲ့တဲ့နေရာ၊ ယားနာရှိတဲ့နေရာကို လိမ်းပေးပါ။

အသီးအစို(သို့မဟုတ်)အခြောက်ကို ဝါးစားပေးရင် ပါးစပ်အနာတွေကို သက်သာစေပါတယ်။

အမြစ်အစိုကို ထောင်း(သို့မဟုတ်)အမြစ်ကို ဖျော်ရည်လုပ်ပြီးသောက်ရင် ဆီးချို၊ သွေးချိုကို ထိန်းချုပ်ပေးပါတယ်။

အမြစ်(သို့မဟုတ်)အသီးကို ပြုတ်ထားတဲ့ ရေကိုသောက်ပေးရင် ဝမ်းလျှောတာကို သက်သာစေပါတယ်။

အပင်အစိုကို ပြုတ်ထားတဲ့ရေကို သောက်ပေးရင် ခွန်အားတိုးစေပါတယ်။

အပင်ကို ပြုတ်ထားတဲ့ အရည်ကိုသောက်ပေးရင် စိတ်ဖိစီးမှုကို ပြေလျော့စေပါတယ်။

အရွက်အစိုကိုထောင်းပြီး ပြည်တည်နာပေါ်အုံပေးရင် ပျောက်ကင်းစေပါတယ်။

အမြစ်ကို ရေနှင့်ပြုတ်ပြီးသောက်ရင် ဂေါက်ရောဂါကို သက်သာစေပါတယ်။



**စောင်းလျားသီး**

စောင်းလျားသီးမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ဓာတ်တွေက ကင်ဆာရောဂါမဖြစ်အောင် တားဆီးပေးနိုင်ပါတယ်။ ရောင်ရမ်းမှုတွေကို သက်သာစေပါတယ်။ စောင်းလျားသီးမှာ ဗီတာမင်စီ များစွာပါဝင်တာကြောင့် ကော်လဂျင်ထုတ်လုပ်မှုကို အားပေးပါတယ်။

စောင်းလျားသီးမှာ ပိုတက်စီယမ်ဓာတ်ပါတာကြောင့် သွေးတိုးတာကို ထိန်းညှိပေးပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုပါတယ်။

စောင်းလျားသီးစားပေးခြင်းဖြင့် နို့တိုက်မိခင်တွေမှာ နို့ပိုထွက်ဖို့ အထောက်အကူပြုပါတယ်။

စောင်းလျားသီးမှာ ကယ်လိုရီ၊ ကာဗွန်ဟိုက်ဒြိတ် နည်းပါးပြီး အမျှင်နဲ့ အာဟာရဓာတ်များစွာ ပါဝင်တာကြောင့် ခန္ဓာကိုယ်ရဲ့ အစာခြေဖျက်မှုကို အားပေးကာ ဝိတ်ကျစေနိုင်ပါတယ်။

စောင်းလျားသီးမှာ ဗီတာမင်စီ ပါဝင်မှုများတာကြောင့် ပုံမှန်စားပေးရင် ကိုယ်ခံအားကောင်းစေပြီး ရောဂါတွေ အလွယ်တကူ မဝင်နိုင်တော့ပါဘူး။

စောင်းလျားသီးမှာပါတဲ့ ကယ်လ်စီယမ်၊ ပိုတက်စီယမ်ဓာတ်တွေက နှလုံးသွေးကြောကျဉ်းတာ၊ သွေးတိုးတာတွေကို ကာကွယ်ပေးပါတယ်။

စောင်းလျားသီးမှာ အမျှင်ဓာတ်များစွာပါဝင်တာကြောင့် ပုံမှန်စားပေးရင် လေပွခြင်း၊ ဝမ်းချုပ်ခြင်း ကင်းဝေးစေပါတယ်။

စောင်းလျားသီးမှာ အမျှင်ဓာတ်နဲ့ တခြားဓာတ်တွေ များစွာပါဝင်တာကြောင့် ဆီးချိုသမားတွေ ဆီးချိုတက်နေရင် တစ်နေ့တစ်လုံး ပုံမှန်စားသုံးပေးသင့်ပါတယ်။

စောင်းလျားသီး ပုံမှန်စားပေးရင် ခန္ဓာကိုယ်အတွက် မကောင်းတဲ့ အဆီ LDL ကို ချပေးပြီး ကောင်းတဲ့အဆီ HDL ကို တက်စေပါတယ်။ အသည်းအဆီဖုံးတဲ့ရောဂါကို လျော့ပါးစေပါတယ်။

စောင်းလျားသီးက ဆီးရွှင်စေပါတယ်။ ခန္ဓာကိုယ်ထဲက ပိုနေတဲ့ ဆိုဒီယမ်ဓာတ်တွေကို ဆီးထဲပါကာ သန့်စင်ပေးနိုင်ပါတယ်။

စောင်းလျားသီးမှာ အရောင်ကျစေတဲ့ အာနိသင်ရှိတာကြောင့် လည်ချောင်းနာခြင်းကို သက်သာစေပါတယ်။ တံတွေးပိုမိုထွက်စေကာ မကောင်းတဲ့ ပိုးမွှားတွေကို နည်းပါးစေပါတယ်။

စောင်းလျားသီးမှာ မဂ္ဂနီဆီယမ် ကြွယ်ဝစွာ ပါဝင်တာကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်စေပါတယ်။

စောင်းလျားသီးမှာ ဗီတာမင်အေ ကြွယ်ဝစွာ ပါဝင်တာကြောင့် မျက်လုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

စောင်းလျားသီး ဖျော်ရည်(သို့မဟုတ်)စောင်းလျားသီးမှည့်ကို ငါးပြေမနှင့်ချက်စားပါက ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးအိမ်နှင့် သည်းခြေအိတ်တို့တွင် ကျောက်တည်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။

ဆီးချိုရောဂါရှိသူများ စောင်းလျားသီးအစိမ်းကို ငါးပြေမ (သို့မဟုတ်) အခြားငါးများနဲ့ ဓာတ်စာအဖြစ် မကြာခဏ ချက်စားပေးပါက ရောဂါကို ထိန်းချုပ်ပေးနိုင်ပါတယ်။


စောင်းလျားသီးအမှည့်ကို သကြားနှင့်စားပါက အော့အန်ခြင်း၊ အစာမကြေခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

စောင်းလျားသီးအမှည့်ကို ဓာတ်စာအဖြစ် စားပေးပါက အတွင်းလိပ်ခေါင်းရောဂါ သက်သာပျောက်ကင်းစေပါတယ်။

စောင်းလျားသီးမှည့် အလုံး ၂၀၊ သကြားငါးကျပ်သား၊ ပျားရည် ၁၂ ကျပ်ခွဲသား၊ စမုန်စပါး၊ စမုန်နီ၊ စမုန်ဖြူ၊ စမြိတ်မှုန့် ၂ ပဲစီထည့်၍ မွှေပြီး ၁၀ ရက်ခန့်ထားပါ။ ထို့နောက် ည၊ နံနက် လက်ဖက်ရည်ဇွန်း တစ်ဇွန်း သောက်ပေးပါက ရင်ဘတ်နာ၊ လေနာ၊ မီးယပ်၊ ဝမ်းပျက်၊ အသံပျက်ရောဂါများ ပျောက်ကင်းစေပါတယ်။

စောင်းလျားသီးကို ငုံးသား၊ နို့ရည်နှင့် ရှောက်သီးတို့နှင့် တွဲဖက်၍ မစားရပါ။

စောင်းလျားသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိန်းပေးပြီး ကလေးတွေမှာ ဖြစ်တတ်တဲ့ ရေကျောက်နဲ့ ဝက်သက်တို့ကို ပျောက်ကင်းစေပါတယ်။ အရေပြားယားယံခြင်းကိုသက်သာစေပြီး သွေးထွက်တာကို ရပ်တန့်စေပါတယ်။ အစာခြေစနစ်ကို ပုံမှန်ဖြစ်အောင် ထိန်းညှိပေးပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပါတယ်။



**တရုတ်စံကားနီ**

တရုတ်စံကားအနီပင်၏ အခေါက်ကို ခွာယူပါ။ အပြင်မှ အကြေးခွံအကြမ်းများကို ခြစ်ပစ်ပါ။ အခေါက် တစ်ပိဿာကို လက်နှစ်လုံး၊ သုံးလုံးခန့်လေးတွေ ဖြတ်ပါ။ ဒန်အိုးကြီးကြီးတစ်လုံးတွင် ထည့်ပါ။ ထန်းလျက် ၂၀ ကျပ်သားထည့်ပါ။ ရေသုံးပိဿာနှင့် ဆေးရည် တစ်ပိဿာ ကျန်သည်အထိ ကျိုပါ။

ထို့နောက် ရေစစ်ဖြင့် အရည်ကို စစ်ယူပြီး သန့်ရှင်းသော ပုလင်းထဲတွင် ထည့်ပြီး သိမ်းဆည်းထားပါ။

ထိုအရည်ကို တစ်နေ့သုံးကြိမ် အကြမ်းပန်းကန်တစ်လုံး သောက်ပေးပါက ရေဖျဉ်း၊ သွေးကျိုတ်၊ လေကျိုတ်၊ အနာလုံး၊ အနာခဲ၊ အနာကျိုတ်၊ သွေးမြင်းသရိုက်၊ လေမြင်းသရိုက်၊ ဒူလာ၊ ထုံနာကျင်နာနဲ့ လေငန်းရောဂါတို့ကို ပျောက်ကင်းစေပါတယ်။



**ခရမ်းကစော့သီး**

ခရမ်းကစော့သီးကို ပုံမှန်စားပေးခြင်းဖြင့် အဆီတွေကို ပျော်စေပါတယ်။

ခရမ်းကစော့သီးမှာ သကြားဓာတ်ကို ပုံမှန်ဖြစ်အောင် ထိန်းညှိပေးတဲ့ အထူးဓာတ်တစ်မျိုးပါဝင်လို့ မောပန်းတာကို သက်သာစေပါတယ်။

ခရမ်းကစော့သီးမှာ အမျှင်ဓာတ်များစွာ ပါဝင်တာကြောင့် အူလမ်းကြောင်းကို လှုပ်ရှားမှုကောင်းမွန်အောင် လှုံ့ဆော်ပေးပါတယ်။

ခရမ်းကစော့သီးက အညစ်အကြေးတွေကို ဖယ်ရှားပေးပြီး အူလမ်းကြောင်းကို သဘာဝအတိုင်း သန့်စင်ပေးပါတယ်။

အသည်းရဲ့ လုပ်ငန်းဆောင်တာတွေကို အားဖြည့်ပေးပြီး ပြန်လည်ကောင်းမွန်အောင် ကူညီပေးပါတယ်။

ခရမ်းကစော့သီးပြုတ်ရည် နွေးနွေးလေးကို သောက်ပေးခြင်းဖြင့် အစာအိမ်ကို အပေါယံအလွှာဖုံးပေးပြီး ပူစပ်တာမျိုး မဖြစ်စေပါဘူး။

ခရမ်းကစော့သီးက ဦးနှောက်ကို သွေးစီးဆင်းမှုကောင်းအောင် လှုံ့ဆော်ပေးပြီး မှတ်ဉာဏ်ကို တိုးတက်စေပါတယ်။ သွေးပေါင်ချိန်ကို မျှတအောင် ထိန်းညှိပေးပါတယ်။

ခရမ်းကစော့သီးက သလိပ်တွေကို ပျော်စေပြီး လည်ချောင်းထဲက အချွဲတွေကို ဖယ်ရှားပေးတဲ့အတွက် ချောင်းခြောက်ဆိုးခြင်း၊ သလိပ်မထွက်ဖြစ်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

ခရမ်းကစော့သီး ပြုတ်ရည်ကိုသောက်ပေးပါက လည်ချောင်းကို စိုပြည်စေပြီး ရောင်ရမ်းမှုကို သက်သာစေပါတယ်။

ခရမ်းကစော့သီးစားပေးပါက ဗိုက်အောင့်၊ လေထိုးလေအောင့်ဖြစ်ခြင်းကို ပျောက်ကင်းစေပါတယ်။

ခရမ်းကစော့သီးမှာ ဗီတာမင်အေ ကြွယ်ဝစွာ ပါဝင်တာကြောင့် မျက်လုံးကို အားကောင်းစေပါတယ်။ ရာသီတုပ်ကွေးဖြစ်တာကို ပျောက်ကင်းစေပြီး ကိုယ်ခံအားကို မြှင့်တင်ပေးပါတယ်။ ရောင်ရမ်းမှုကို ကောင်းစွာတိုက်ဖျက်ပေးပြီး အဆစ်အမြစ်တွေကို ပြောင်းလွယ်ပြင်လွယ်ဖြစ်စေပါတယ်။

ခရမ်းကစော့သီးက အူလမ်းကြောင်းထဲက ဘက်တီးရီးယားတွေကို သေစေပြီး ဝမ်းပျက်၊ ဝမ်းလျှောခြင်းကို သက်သာပျောက်ကင်းစေပါတယ်။ သားအိမ်ကို အာဟာရဖြည့်ပေးပြီး ခွန်အားပြန်လည်ရရှိစေပါတယ်။

ခရမ်းကစော့သီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် လက်ဖျား၊ ခြေဖျားအေးပြီး သွေးခုန်နှုန်းနှေးခြင်းတို့ကို ပျောက်ကင်းစေပြီး သွေးလည်ပတ်မှုကို အားကောင်းစေကာ ခန္ဓာကိုယ်အပူချိန်ကို ပြန်လည်မှန်စေနိုင်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား** – **Tik Tok**

## မီးသတ်ဦးစီးဌာနက တိုင်ဖွန်းမုန်တိုင်းအန္တရာယ် တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်စုဖွဲ့

**မန္တလေး ဩဂုတ် ၂၇**

မန္တလေး၊ အောင်မြေသာစံ မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်ဖွန်းမုန်တိုင်း "ကာဂျီကီ"၏ အကြွင်းအကျန်များသည် မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်နိုင်သဖြင့် တပ်ဖွဲ့ဝင်၊ ယာဉ်၊ စက်လှေများ အသင့်စုဖွဲ့ထား၍ မုန်တိုင်းအန္တရာယ် တုံ့ပြန်နိုင်စေရန် ကြိုတင်လေ့ကျင့်ပြင်ဆင်စုဖွဲ့မှုများကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ပြုလုပ်ကြသည်။

အဆိုပါ ကြိုတင်လေ့ကျင့်ပြင်ဆင်စုဖွဲ့ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနက မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် မြို့နယ်မီးသတ်သန္နေ ၂၀ ဦး အရန်မီးသတ် ၁၅ ဦးဖြင့် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ပုံ) (ဝ၉၃)





## နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ရွှေဘို ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၂၆ ရက် နံနက် ၉နာရီက ရွှေရတုခန်းမ၌ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပခဲ့သည်။ (အပေါ်ပုံ)

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား "စာမတတ်သူပပျောက်ရေး ကျောင်းပြင်ပပညာရေးဖြင့် ဖြည့်ဆည်းပေး"၊ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ စာတတ်မြောက်ရေးကိုအားပေးစို့" စာစီစာကုံးခေါင်းစဉ်များဖြင့်လည်းကောင်း၊ "လူမှုဘဝပြည့်စုံဖို့ စာတတ်မြောက်ရေးဝိုင်းကူစို့"နှင့် "အနာဂတ်ဘဝလှပဖို့ စာတတ်မြောက်အောင်ကြိုးပမ်းစို့" ကဗျာခေါင်းစဉ်ဖြင့်လည်းကောင်း၊ "အမှောင်ခွင်း၍အလင်းဆောင်ဖို့ စာတတ်မြောက်ရေးဝိုင်းကူစို့" ပန်းချီပြိုင်ပွဲခေါင်းစဉ်များဖြင့် ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်တို့မှ စာစီစာကုံးဝင်ရောက်ဖြေဆိုသူ ၂၇ ဦး၊ ကဗျာပြိုင်ပွဲတွင် ၂၆ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ၄၁ ဦး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောင်းသားလူငယ်များ၏ ဉာဏ်ရည် ဉာဏ်သွေး ပိုမိုထက်မြက်လာစေရေး ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

**တာလေ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြင့်တင်ရေးလုပ်ငန်းများနှင့် အများပြည်သူများ အသိဉာဏ်ပညာ တိုးပွားရရှိစေရန် အသိပညာပြန့်ပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပသည်။

ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ကျောင်းသားလူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေး ယခင်ထက် ပိုမိုထက်မြက်လာစေရန်၊ အသိပညာ ဗဟုသုတတိုးပွားရရှိစေရန်၊ စာဖတ်သည့် အလေ့အထကောင်းများရရှိစေရန်နှင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန် ရည်ရွယ်၍ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ (အောက်ပုံ)

ထို့နောက် ပြိုင်ပွဲအား ကျင်းပပေးခဲ့ရာ ဉာဏ်စမ်းပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်းနှင့် ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသားလူငယ်များအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**သင့်အသက်အန္တရာယ်**
**ကာကွယ်ရန်အတွက်**
**ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး**
**မေးသိုင်းကြိုး သေချာစွာ တပ်ပါ။**

## ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကလော ဩဂုတ် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်(၁၇)နှစ် အောက် ကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ၊ အကအဖွဲ့၊ ဘင်ခရာအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ (အောက်ပုံ)

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ၊ အကအဖွဲ့ဝင်ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များက ကွင်းအတွင်း နေရာယူခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အားကစားသမားများက ဘင်ခရာအဖွဲ့ဖြင့် မြန်မာနိုင်ငံတော်အလံကိုအလေးပြု၍ သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြသည်။

ထို့နောက် ကလောမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဖျော်ဖြေရေး အစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ အကအဖွဲ့မှ အာရှမြန်မာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကပြကြပြီး အမှတ်(၁)အခြေခံပညာအထက်တန်းမှဘင်ခရာအဖွဲ့နှင့် အထက်တန်းကျောင်း(ခွဲ)(လ-၁)ကျောင်းမှ ဘင်ခရာအဖွဲ့တို့က သရုပ်ပြတင်ဆက်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့်အလှူရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် ဟဲဟိုးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်အပြီးတွင် အ.ထ.က(၁)အသင်းက ဟဲဟိုးမြို့ အ.ထ.က(၄)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ အဆိုပါ ပြိုင်ပွဲတွင် ကလောမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ၁၆ သင်းဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ဒေသကြက်များ ဖြန့်ဖြူးပေး

**မိုင်းတုံ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အရ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ကိုင်ရန်အတွက် ဒေသကြက်များဖြန့်ဖြူးပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ပန်ကျိုင်းကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်မိုးက အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဖြိုးဝေက ကြက်များတွင် ဖြစ်ပေါ်တတ်သော ရောဂါများအကြောင်းနှင့် ကြက်ဖြန့်ဖြူးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပန်ကျိုင်းကျေးရွာရှိ အိမ်ထောင်စုငါးစုအတွက် တစ်အိမ်ထောင်လျှင် ဒေသကြက် ၁၀ကောင်နှုန်းဖြင့် စုစုပေါင်း ဒေသကြက် ကောင်ရေ ၅၀ အား မွေးမြူရေး တောင်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်


နေပြည်တော် ဩဂုတ် ၂၇

ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည့် လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် ဩဂုတ် ၂၆ ရက် ညပိုင်းနှင့် ယနေ့ မွန်းလွဲပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းကာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့ရှိ နေရာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ စာမျက်နှာ ၄ သို့ ✰

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



## ဟံသာဝတီယူနိုက်တက်(ယူ-၂၁)အသင်းကို အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်း

**ရန်ကုန် ဩဂုတ် ၂၇**

ယနေ့ ဗဟန်းမြက်ခင်းတုကွင်းတွင် မြန်မာနေရှင်နယ်လိဂ်လူငယ် အမှတ်ပေးပြိုင်ပွဲအဖြစ် ဟံသာဝတီ ယူနိုက်တက်(ယူ-၂၁)အသင်းနှင့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်လူငယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်(၆၈)မိနစ်တွင် ထူးဝဏ္ဏက သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် လက်ရှိတွင် ၁၇ ပွဲကစား၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိပြီး လာမည့်စက်တင်ဘာ ၄ ရက်၌ ဗဟန်းမြက်ခင်းတုဘောလုံးကွင်းတွင် မဟာယူနိုက်တက် (ယူ-၂၁) အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**





## အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအဖြစ် အား/ကာသိပ္ပံအသင်းနှင့် Khovd Western FC အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် မွန်ဂိုလီးယားကလပ် Khovd Western FC အသင်းတို့ ဩဂုတ် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ပထမပွဲတွင် ဂူအမ်ကလပ် Strykers FC အသင်းကို ကိုးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

အား/ကာ သိပ္ပံအသင်းသည် မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်ကြသည့် မေထက်လူ၊ စန်းသော်သော်၊ ဖြူဖြူဝင်း၊ ဖြူဖွေးနှင့် ယွန်းဝတီလှိုင်စသည့် ကစားသမားများကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူထားသည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ဩဂုတ် ၂၈ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် မွန်ဂိုလီးယားကလပ် Khovd Western FC အသင်းနှင့် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(နိုင်ကမ္ဘာ)**